
www.dhammadownload.com




# သူဌေးကတော်ဓမ္မဒိန္နာ

## ကျွတ်တမ်းဝင်သောနေ့

**ဟောကြားသည့်နေ့**

(၂၉-၁-၅၅)

၃၆

ကျေးဇူးတော်ရှင် မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ်(၃၅)မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က

ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင်ရနိုင်ပါသည်။
ဖုန်း - ၅၄၁၈၆၀

www.dhammadownload.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# သုခမေးကာတော် ဓမ္မဒါနာ

ကျွတ်တမ်းဝင်သောနေ့

(၂၉-၁-၅၅)

---

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
ဝိပဿနာရှုနည်း အမှတ်စဉ်(၃၅)တရားတော်များမှ
ထုတ်နုတ်၍ ပုံနှိပ်ပါသည်။

☎ - ၅၄၁၈၆၀

F-1 (A)

www.dhammadownload.com

မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာတရားစဉ် နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့၏
မူပိုင်ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

○

ထုတ်ဝေသူ

ဦးအောင်ချို (မြဲ–၀၈၃၁)
မိုးကုတ်ဝိပဿနာဝေးရားစဉ်နှင့်လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့ချုပ်၊ အမှတ် (၈၂)၊
နတ်မောက်လမ်း၊ ရန်ကုန်မြို့။

☎ – ၅၄၁၈၆၀

○

မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်

ဦးညာဏ်အောင်စိုး (မြဲ–၀၅၃၆၉)
ကျားမင်းအော့ဖ်ဆက်
အမှတ်(၉၂)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား
၁–ရပ်ကွက်၊ ဗဟန်းမြို့နယ်။

www.dhammadownload.com

# ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
# မိုးကုတ်ဆရာတော်ဘုရားကြီး
# ဟောကြားတော်မူသော
# သူဌေးကတော် ဓမ္မဒိန္နာ
# ကျွတ်တမ်းဝင်သောနေ့

---

(၂၉-၁-၅၅)

ဒီနေ့ ဝိသာခသူဌေးနဲ့ ဓမ္မဒိန္နာခင်ပွန်းသည်တို့ အမေးအဖြေခန်း သက္ကာယဒိဋ္ဌိပြုတ်လို့ ယောကျ်ားက အနာဂါမ်၊ မိန်းမက ‘ရဟန္တာဖြစ်ပုံကို ရှင်းပြမယ်...။ (မှန်လှပါဘုရား)။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတဲ့အချိန်မှာ ဝိသာခဆိုတဲ့ သူဌေးက ဓမ္မဒိန္နာဆိုတဲ့ ရဟန္တာထေရ်ရီမကို သက္ကာယဒိဋ္ဌိနဲ့ပတ်သက်တဲ့ အမေးပွေ့ မေးပါတယ်...။ (မှန်လှပါဘုရား)။

အဲဒီတော့ ဘယ့်နှယ်ကြောင့် ဒီအမေးထုတ်ရပါလိမ့်မတုံးလို့ သူတို့ဇာတ်ထုပ်ကို အစက အနည်းငယ်ပြန်ရလို့ရှိရင် ဝိသာခသူဌေးနဲ့ ဓမ္မဒိန္နာဆိုတာသည် နဂိုကအကြင်လင်မယားဖြစ်ခဲ့ပါတယ်...။ (မှန်လှပါဘုရား)။

www.dhammadownload.com



ဝိသာခသူဌေးက ဘုရားထံသွားပြီး တရားနာတဲ့အခါမှာ ဝိသာခသူဌေးက လူအဖြစ်နဲ့ပဲ သူ သောတာပန်တည်တယ် ။ (မှန်လှပါဘုရား)။

နောက် ဆက်ပြီး တရားနာပြန်တဲ့အခါမှာလဲ အနာဂါမ်တည်တယ်...။ (မှန်လှပါဘုရား)။

အနာဂါမ်ဆိုတော့ အနာဂါမ်တည်တဲ့နေ့မှာ သူသည်ကျောင်းတော်ကနေပြီး ပြန်လာခဲ့တယ်။ ပြန်လာတဲ့အခါကျတော့ ဣန္ဒြေသိက္ခာတွေက အနာဂါမ်ဆိုတာ ဒကာ ဒကာမတို့လို မှတ်စရာကလူ့ပြည်မှာရှိတဲ့ အာရုံတွေ၊ နတ်ပြည်မှာရှိတဲ့ အာရုံတွေကို ဘာမှ မနှစ်သက်တော့ဘူး။ ဒီအာရုံတွေကိုမဂ်နဲ့ ပယ်ပြီးသား အနာဂါမိမဂ်နဲ့ ပယ်ပြီးသားဆိုတာ မှတ်ထားကြပါ...။ (မှန်လှပါဘုရား)။

အဲဒီလို ပြန်လာတော့ ခါတိုင်းလဲ ပြန်လာတာကတော့ဖြင့် အိမ်ဘက်ကို မျက်စိမျက်နှာမူပြီးသဲကာလ ပြန်လာတော့သူ့ခင်ပွန်းမ ဓမ္မဒိန္နာက အပြန်မှာ ဆီးဆီးကြိုလေ့ရှိတယ်။ ဆီးပြီး ကြိုတဲ့အခါကျလို့ရှိရင် သူတို့တိုက်ဝရောက်တဲ့အခါမှာ သူ ရှေးက ပြန်လာ၊ သူက တိုက်ပေါက်ဝက ဆီးကြို၊ လက်ကလေးဘာကလေး ဆွဲပြီးသကာလ အိမ်ပေါ်အတူတူသွားကြလာကြဆိုတဲ့ သဘောတရားရှိတယ်။ သောတာပန်တည်တုန်းက နောက် သကဒါဂါမ် တည်တဲ့အခါလဲ ထိုသဘောရှိတယ်...။ (မှန်လှပါဘုရား)၊ အနာဂါမ်တည်လာ

www.dhammadownload.com



တော့ ဒီက အိမ်ပေါ်ကနေ လှမ်းကြည့်လိုက်ကတည်းက ဒီနေ့လာပုံထူးတယ်ဆိုပြီး ဓမ္မဒိန္နာက အကဲခတ်တယ်...။ (မှန်လှပါဘုရား)၊ အကဲခတ်ပြီး ထုံးစံအတိုင်း၊ ဝတ္တရား အတိုင်းဆင်းပြီး သူ ကြိုဆိုတဲ့အခါမှာလဲ၊ လက်တွေဘာတွေ လှမ်းဆွဲတဲ့အခါမှာလဲ အဆွဲမခံတော့ဘူး...။ (မှန်လှပါ ဘုရား)။

အဆွဲမခံတော့ ဘာကြောင့်ပါလိမ့်မလဲဆိုတဲ့ တွေးပုံနဲ့ သာ သူ စောင့်ပြီးသကာလ အိမ်ပေါ်ရောက်အောင်သာ လိုက် သွားကြတယ်။ အိမ်ပေါ်ကျတော့လဲ ထမင်းစားဖို့ပြုဖို့ ပြင်ဆင်တဲ့အခါမှာ တစ်ယောက်တည်းသာစားတဲ့ အဓိပ္ပာယ် မျိုးနဲ့ သူ စားတော့တယ်။ ဒီ ခင်ပွန်းမကို မခေါ်တော့ဘူး...။ (မှန်လှပါဘုရား)။

နောက် ညအိပ်ရာဝင်တဲ့အခါမှာလဲ ထို့အတူပဲ လွတ်လပ်တဲ့နေရာမှာသွားပြီး သန့်ရှင်းတဲ့၊ ဖြူစင်တဲ့ အဝတ် တွေကို ခင်းပြုပြီးသကာလ အိပ်တော့တယ်။

အဲဒီလိုဖြစ်နေတော့ သူဌေးကတော်ဖြစ်တဲ့ ဓမ္မဒိန္နာက ဩော်...အမှုအရာတော့ဖြင့် အတော်ထူးနေပြီ၊ ငါ့အပေါ်မှာ အလိုမကျလို့လား၊ တစ်ပါးသော ပုဂ္ဂိုလ်ကို အလိုမကျလို့ လား။ အလိုမကျမှု တစ်ခုခုရှိလို့သာလျှင် ဤကဲ့သို့သော နေမှုထိုင်မှုမျိုးကို အဆင်အပြင်ပြောင်းတာပဲ ဆိုပြီးတော့ သံသယနဲ့ပဲနေတယ်...။ (မှန်လှပါဘုရား)။

www.dhammadownload.com



နောက် တစ်ရက်နှစ်ရက်နေတဲ့အခါလဲ လိုနည်းအတူပဲ တရားဓမ္မပြောလိမ့်မယ်၊ ပြေသွားရင် ပြောမှာပဲဆိုတဲ့ အဝိပ္ပာယ်မျိုးနဲ့ စောင့်ဆိုင်းနေတဲ့အခါမှာလဲ ဘာမှ နှီးနှော ခြင်း၊ ပြောဆိုခြင်း ခင်ပွန်းမနဲ့ မရှိတော့ဘူး…။ (မှန်လှပါ ဘုရား)။

အဲဒါသည်ကားလို့ဆိုရင် ကာမရာဂါနုသယဆိုတဲ့ ကာမတဏှာကို ပယ်ပြီးသားဖြစ်တဲ့အတွက် ဤကဲ့သို့ အနေ အထိုင် ထူးခြားတယ်ဆိုတာ ဒကာ ဒကာမတွေ မှတ်ဖို့ပဲ…။ (မှန်လှပါဘုရား)။

**သောတာပန်အဆင့်**

အခု တရားနာနေတဲ့ ဒကာ ဒကာမာတွေ မှတ်ဖို့ရာ က သောတာပန်တည်ရုံနဲ့တော့ ငါးပါးအာရုံကာမဂုဏ်တွေ သားနဲ့မယားနဲ့ နေတာဟာ နေတာပဲလို့သာ မှတ်ရမယ်။ ထို့အတူ သကဒါဂါမ်တည်ပြန်လဲ ထုံးစံအတိုင်းနေတာပဲ လို့ မှတ်ရမယ်…။ (မှန်ပါ)။

အနာဂါမ်တည်မှသာလျှင် ငါးပါးအာရုံ ကာမဂုဏ် ဆိုတဲ့ ဒီလူ့ပြည်အာရုံ ကာမဂုဏ်တွေနဲ့ ကင်းလွတ်တယ်…။ (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ ထူးခြားမှုကို မှတ်ထားကြပါ။ သောတာပန် ကိုများ တွေ့ရင် ပကတိပုထုဇဉ်နဲ့ သာမန်သွားလာနေထိုင် မှုတွေ သိပ်ထူးခြားမှု မရှိသေးတော့ ကဲ့ရဲ့မိတတ်ကြတယ်။

www.dhammadownload.com



အဲဒါမျိုးတွေများ တွေ့ခဲ့ပါလျှင် မကဲ့ရဲ့ပါနဲ့။ **သောတာပန်ဟာ ကာမအာရုံတွေ မပယ်နိုင်သေးပါဘူး။** ကာမအာရုံတွေကို အကုန်မပယ်နိုင်သေးဘူးဆိုတာ တစ်ထစ်ချ မှတ်ထားကြပါ...။ (မှန်လှပါဘုရား)။

ဒါနဲ့ပဲ...ဓမ္မဒိန္နာက သူ့စိတ်ထဲမှာ အင်မတန် သောကလုံးကြီးဟာ အကြီးအကျယ်ဖြစ်ပြီးသကာလနေတော့ နောက် နှစ်ရက်သုံးရက်နေတဲ့အခါကျလို့ရှိရင်ဖြင့် တစ်ယောက်တည်း အိပ်နေတဲ့အိပ်ခန်း ညဝင်တယ်။ ခင်ပွန်းမက လိုက်သွားတဲ့ အခါ ယောကျ်ားလုပ်တဲ့ပုဂ္ဂိုလ်ကမေးတယ်။ ဓမ္မဒိန္နာ အချိန်မတော် ဒီအခန်းထဲဝင်လာတာ ဘယ်သဘောတုံး။ ဘယ်သဘောမှ မဟုတ်ပါဘူး။ မေးချင်မြန်းချင်လို့ ဝင်ပြီးသကာလ လာခဲ့တယ်ဆိုတဲ့ အဖြေကို ပေးလိုက်တယ်...။ (မှန်လှပါဘုရား)။

မေးတာပေါ့လို့ဆိုပြီးသကာလ အမေးခံတော့ ရှေးကနဲ့ မတူဘူး၊ အမူအရာဟန်ပန်တွေကလဲ အင်မတန်ပြောင်းတယ်။ အကျွန်ုပ်ကိုလဲ အသိအမှတ်ပြုပြီး စကားတို့ ဘာတို့ ပြောဆိုခြင်း မရှိတော့ဘူး။ အဲဒီတော့ ဆိုးတိုင်ပင် ကောင်းတိုင်ပင် အကြင်လင်မယားဖြစ်ပြီးသကာလ လာခဲ့တာလဲ အတော်ကြာကြပြီး ဒါ အခုမှ အမူအရာထူးတာဟာ ကျုပ်အပေါ်မှာ အပြစ်ရှိလို့လား။ သို့မဟုတ် တစ်ပါးသော ပုဂ္ဂိုလ်နဲ့ပဲ အလိုမကျမှုတွေ ကြုံလို့ခံ့လို့လား။ သို့မဟုတ် တစ်ပါး

www.dhammadownload.com



သော ပုဂ္ဂိုလ်မှာ ခင်မင်နှစ်သက်တဲ့ စိတ်တွေရှိပြီးသကာလ နေလို့လား စသည်နဲ့...မိန်းမတို့၏ထုံးစံအတိုင်း အကုန် မေးတော့တာပဲ...။ (မှန်လှပါဘုရား)။

မေးတဲ့အခါကျတော့ မပြောကောင်းဘူးဆိုတာတော့ ဝိသာခသူဌေးက သိတယ်။ မပြောကောင်းလို့ မပြောဘဲ နေလိုက်လို့ရှိရင်လဲ ဓမ္မဒိန္နာဆိုတဲ့ ခင်ပွန်းမသည် နှလုံးကွဲပြီး သကာလ သေပွဲဝင်စရာသူ မြင်တယ်...။ (မှန်လှပါဘုရား)။

**အနာဂါမ်အဆင့်**

ဒါဖြင့် ပြောမှဖြစ်မယ်ဆိုပြီးသကာလ ပြောပါတယ်။ ငါသည် တခြားသောအကြောင်းကိစ္စ ဘာမှမရှိပါဘူး။ သင့် အပေါ်မှာလဲ ဘာအပြစ်မှ မရှိပါဘူး။ ငါသည် တရားထူး တရားမြတ်ကို အနာဂါမ်အဆင့်ထိတည်ပြီးတော့ လာခဲ့တဲ့ အတွက် ငါးပါးသောအာရုံကာမဂုဏ်တွေကို ဘာမှ ပြုံးခြင်း၊ ရှင်ခြင်း၊ လူ့ပြည်အာရုံတွေကို နှစ်သက်ခြင်းဆိုတာတွေဟာ မရှိတော့ဘူး။ အဲဒီတော့ သင် မေးလို့ အခုပြောရလို့ရှိရင် ဖြင့် တရားတော့ ပြောပြီးပြီ၊ သင်သည် ဒီအိမ်မှာ ကုဋေ လေးဆယ်ရှိတယ်၊ ငါ့ဘက်ကလဲ ကုဋေလေးဆယ်ပါတယ်၊ ကုဋေရှစ်ဆယ်ကို သင် အုပ်ချုပ်ပြီးသကာလ ဒီအိမ်မှာပဲ နေလိုလဲနေပါ။ (မှန်လှပါဘုရား)၊ ငါ့ကိုလဲ ကျွေးတန်တဲ့ ထမင်းနဲ့ ကျွေးပြီးသကာလထားတော့ ဒီပစ္စည်းတွေကို

www.dhammadownload.com



ငါ့ပစ္စည်းရယ်လို့ အထိမ်းအမှတ်မရှိတော့ပါဘူး…ဆိုပြီး စွန့်လွှတ်တယ်…။ (မှန်လှပါဘုရား)။

အနာဂါမ်တည်လာတော့ ထူးခြားတဲ့ အဓိပ္ပာယ်တွေ ပေါ်မလာဘူးလား…။ (ပေါ်လာပါတယ်)။

ထူးခြားတဲ့ အဓိပ္ပာယ်တွေ ပေါ်လာတယ်ဆိုတဲ့ဥစ္စာဟာ အနာဂါမိမဂ်၏ ကျေးဇူး၊ အကာလိကော…အခါမလင့် အကျိုးကိုပေး၏ဆိုတဲ့ အဓိပ္ပာယ်ဟာ အခါမလင့်ကို ငါးပါးအာရုံကာမဂုဏ် စွန့်လိုက်တဲ့အတွက် ငါးပါးအာရုံနဲ့ ပတ်သက်တဲ့ အပူဓာတ်၊ အလောင်ဓာတ်တွေဟာ ရှိသေးရဲ့လား…။ (မရှိပါဘုရား)၊ ပေါ်ကာပေါ့ဗျာ…။ (ပေါ်ပါတယ်ဘုရား)၊ အားလုံး ဒကာ ဒကာမတွေ မထင်ရှားဘူးလား…။ (ထင်ရှားပါတယ်ဘုရား)။

အေး…ဒါကြောင့်…ဩော်…တို့လဲ ဒီရောက်အောင် ကြိုးစားရမှာပဲ။ ဒါ အုင်မတန်ဟုတ်တဲ့ နည်းလမ်းတွေပဲ၊ ချက်ချင်းအကျိုးပေးပြီး ချက်ချင်းငါးပါးအာရုံ ကာမဂုဏ်တွေနဲ့ ပတ်သက်တဲ့ အပူဓာတ်၊ အလောင်ဓာတ်တွေဟာ အကုန်ငြိမ်းသတ်နိုင်တဲ့ အနာဂါမိမဂ်ပဲ ဆိုပြီးသကာလ ကိုယ်လဲ အတုယူပြီး ကြိုးစားလို့ရှိရင်ဖြင့် ဖြစ်နိုင်တဲ့ အခြေအနေ လမ်းစဉ်က ရှိနေတာပဲ…။ (မှန်လှပါဘုရား)။

ဒါကြောင့် ဒကာ ဒကာမတွေက နမူနာရှိပြီးသကာလ နေတော့ နည်းကောင်းကလဲ ပေးထားပြန်၊ ကိုယ်လုပ်နေတဲ့

www.dhammadownload.com



အလုပ်က အတော်ခရီးပေါက်ရောက်ပြီးတော့ နေကြတဲ့ ပုဂ္ဂိုလ်တွေဖြစ်သောကြောင့် တက်မယ်ဆိုမရဘူးဆိုတဲ့စိတ် မရှိဘူး။ ရရမှာချည်းပဲလို့ ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါ ဘုရား)။

ဒါနဲ့ပဲ ကုဋေရှစ်ဆယ်ကို မင်းပဲသုံး၊ မင်းပဲစွဲ၊ ဘာပဲ လုပ်လုပ်၊ ငါ့တော့ဖြင့် ထမင်းတစ်လုတ် အချိန်မှန်မှန် ကျွေးလို့ရှိရင်ဖြင့် တော်ပါပြီဆိုပြီးသကာလ ပြောလိုက်တယ်။ ဒါတွင်မှ မကသေးဘူး၊ နောက်အိမ်ထောင်တို့ဘာတို့ ပြုချင် တယ်ဆိုလို့ရှိရင်လဲ ထုံးစံအတိုင်းပြုတာပေါ့၊ အစရှိသည်နဲ့ အစုံပဲ ပြောလိုက်တယ်...။ (မှန်ပါဘုရား)။

ပြောလိုက်တော့ ဓမ္မဒိန္နာကတော့ အလုံးကြီးကျသွား တာပေါ့လေ...။ (မှန်ပါ)။

အရင်ကတော့ သူ့အပေါ်မှာ ဘယ်လို ဘာလို စွဲချက် တွေ တင်ပြီး သူ တွေးလုံးထုတ်တာတွေ အကုန်ပပျောက် ပြီး သြော်...တရား၏ ကျေးဇူးပါလား၊ တရားကြောင့်ဖြစ်တဲ့ အမူအရာတွေပါလားဆိုတာ ပေါ်လာတယ်...။ (မှန်ပါ ဘုရား)။

တရားကြောင့် အမူအရာတွေ ပေါ်လာတဲ့အခါကျတော့ သူ ဆက်ပြီးမေးတယ်။ အရှင်သူဌေး...ဒီလောကုတ္တရာတရား ဆိုတာဟာ ယောက်ျားများမှပဲ အားထုတ်ကောင်းသလား... မိန်းမများပါ အားထုတ်ကောင်းသလား...။ ဟာ...ဘယ့်နှယ်

www.dhammadownload.com



မေးပါလိမ့်မတုံး ဓမ္မဒိန္နာ၊ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ယထာဘူတဉာဏ်ကစပြီး တက်မယ်ဆိုရင် ယောကျ်ား မိန်းမ ရယ်လို့ ဘုရားက မဟောပါဘူး၊ ရနိုင်တာချည်းပဲလို့သာ ဟောပါတယ်...။ (မှန်ပါ့ဘုရား)။

အဲဒီလို ဝိသာခ အနာဂါမ်ပုဂ္ဂိုလ်က ပြောတဲ့အခါ ကျတော့ ဒါဖြင့် မိန်းမများပါ ရနိုင်လို့ရှိရင် သူ ဘိက္ခုနီမ လုပ်ပြီးသကာလ ဒီအကျင့်ကိုပဲ အားထုတ်ချင်တဲ့စိတ် ပေါ် လာတဲ့အတွက် သူ့ခင်ပွန်းကို တောင်းပန်တယ်...။ (မှန်ပါ့ ဘုရား)၊ ဒကာ ဒကာမတွေ ရိပ်မိပါလား...။ (ရိပ်မိပါပြီ ဘုရား)။

အနာဂါမ်ဖြစ်တဲ့ ဝိသာခသူဌေးက မဓမ္မဒိန္နာကို မိန်းမ ပင်ဖြစ်ငြားသော်လဲ ယထာဘူတဉာဏ်ကစပြီးသကာလ တက်မယ်ဆိုလို့ရှိရင်ဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဆိုတာ ဖြစ်နိုင်တာချည်းပါပဲ။ ဘုရားက ယောကျ်ား မိန်းမ မရွေးပါဘူး။ ဟုတ်တိုင်းမှန်စွာကျင့်တဲ့ ဉာဏ်ကိုရလို့ ဉာဏ်စဉ်အတိုင်း တက်သွားကြမယ်ဆိုရင် ဒီကိစ္စပြီးကြစတမ်းဆိုတာ ဘုရားဟောတော်မူပါတယ်...။ (မှန်ပါ့ဘုရား)။

**ဘိက္ခုနီမကျောင်းတော်သို့**

ဒါကြောင့် သင်က ဤကဲ့သို့ ပစ္စည်းတွေလဲ မခင် တွယ်ဘဲနဲ့ တရားဓမ္မကိုပဲ ကြိုးစားပြီးသကာလ ဘိက္ခုနီမ

www.dhammadownload.com



လုပ်ချင်ပါတယ်ဆိုလို့ရှိရင်ဖြင့် ငါက အဆင်သင့်ပဲ ခွင့်ပြုတယ်။ ဒါကို မပြောသာလို့သာ အသာနေရတယ်။ လုပ်နိုင်မယ်ဆိုလို့ရှိရင် အထူးဝမ်းမြောက်ပါတယ်ဆိုတာ ဝိသာခသူဌေးက ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုစကား ပြောကြားလိုက်တယ်...။ (မှန်ပါ့ဘုရား)။

ဒါနဲ့ နံနက်ကျတော့ ရှင်ဘုရင့်နန်းတော်သွားတဲ့အခါ ရှင်ဘုရင်က ဝိသာခသူဌေး ဒီနေ့လာပုံ တယ်ထူးပါလား။ ဘယ့်နှယ်ကြောင့် ဒီအချိန်ကြီး ဒီရောက်လာပါလိမ့်မတုံး။ တခြားမဟုတ်ပါဘူး။ ရွှေထမ်းစင်ကြီး လိုချင်လို့ပါပဲ။ ရွှေထမ်းစင်က ဘာကိစ္စရှိလို့ပါလိမ့်မတုံး၊ မေးမြန်းတော့ အကျွန်ုပ်၏ခင်ပွန်းမ ဓမ္မဒိန္နာက ဘိက္ခုနီမလုပ်ဖို့ရာ သူသဘောတူတယ်လို့ မနေ့ညကပြောတဲ့အတွက် ဘိက္ခုနီမကျောင်းကို ရွှေထမ်းစင်နဲ့ထမ်းပြီးသကာလ ပို့ဖို့ပါပဲဆိုတော့ ရှင်ဘုရင်ကြီးကလဲ ရွှေထမ်းစင်ကြီး ပေးလိုက်တယ်...။ (မှန်ပါ့)၊ ပေးလိုက်တော့ ဆွေတွေမျိုးတွေနဲ့ တစ်ခါတည်း ဘိက္ခုနီမအဖြစ် ဆောင်ရွက်ဖို့ရာ နံ့သာရေတွေနဲ့ ချိုးမိုးပြုပြီး သကာလ ဘိက္ခုနီမကျောင်းသို့ ရွှေထမ်းစင်နဲ့ထမ်းပြီး ဆွေတွေမျိုးတွေနဲ့ သိုက်သိုက်ဝန်းဝန်း ပို့ကြတာပေါ့ဗျာ...။ (မှန်ပါ့)၊ ဟိုကျတော့ ဘိက္ခုနီမလုပ်တယ်။

ဘိက္ခုနီမလုပ်ပြန်တော့လဲ တရားဓမ္မတွေကတော့ နေရာကျပါရဲ့၊ နာရတာလဲ နေရာကျ၊ ပေါင်းသင်းရတာလဲ

www.dhammadownload.com



နေရာကျပါရဲ့။ သို့သော် ဘုန်းဒဏ်ကို မခံနိုင်ဘဲ ဖြစ်နေတယ်...။ (မှန်ပါ)၊ ဘုန်းက ဘာတုံးဆိုတော့ သူဌေးကတော် ဆိုတဲ့ မိတ်ဆွေ ဆွေတွေ မျိုးတွေ အလုံးစုံက တစ်ခါတည်း ကူညီထောက်ပံ့ ပေးကြကမ်းကြလှူကြဆိုတော့ ဒါတွေ ဖည့်ခံပြီးသကာလ နေရတာနဲ့ တရားကို ပွားများချိန်က မရဘဲ ဖြစ်ပြီးသကာလနေတယ်...။ (မှန်ပါဘုရား)။

**ရဟန္တာဖြစ်ပြီ**

ဒါနဲ့ပဲ သူ့ဆရာ ဥပဇ္ဈာယ်ဖြစ်သူ ဘိက္ခုနီမကို လျှောက်ပြီးသကာလ တောထဲသွားပြီး တရားအားထုတ်လိုက်တယ်။ တရားအားထုတ်တော့ ပါရမီရင့်သန်တဲ့ပုဂ္ဂိုလ်လဲ ဖြစ်ပြန်၊ ဆန္ဒကလဲ ပြင်းပြပြန်ဆိုတော့၊ တရားကလဲ နာပြီးသားဖြစ်နေပြန်တော့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာကျအောင် သူ ဖြစ်လာတယ်...။ (မှန်ပါ)၊ ပဋိသမ္ဘိဒါ ပတ္တအဖြစ်သို့ပါ ရောက်တယ်...။ (မှန်ပါဘုရား)။

အဲဒါကြောင့် သူသည် ရဟန်းကိစ္စပြီးပြီဆိုပြီးသကာလ ရာဇဂြိုဟ်ပြည်ပဲ ပြန်လာတယ်။ ပြန်လာတော့ သူ့ခင်ပွန်းဟောင်းဖြစ်တဲ့ ဝိသာခသူဌေးက တောထဲက ပြန်လာတယ်လို့ ကြားတယ်၊ ရက်ကလဲ တိုလိုက်တာ၊ မိန်းမစိတ်မို့ ပထမသာ ဖြန်းခနဲ ဆံပင်တွေရိတ်ပြီး ကတိုက်ကရိုက်လုပ်ချင်ပြီးသကာလ အခုတော့ဖြင့် ပြန်လှည့်လာတယ်ဆိုကတည်းက သူ့စိတ်ထဲမှာ လူ့ဘောင်များ ပြန်လာဦးမှာလား။ လူ

www.dhammadownload.com



ထွက်လို့ရှိရင်လဲ သူ့အတွက် စောင့်ရှောက်ရမည့် ဝတ္တရားက
တစ်ခါရှိနေပြန်တော့ အကြောင်းသိချင်တာနဲ့ဘဲ
ဓမ္မဒိန္နာထေရီမထံ ဝိသာခ သူဌေးက
သွားလိုက်တယ်...။ (မှန်ပါ့ဘုရား)။

သွားလိုက်တဲ့အခါကျတော့ မေးဖို့ရာ အကြောင်းကလဲ ပေါ်လာတယ်။ ဘယ်လိုပေါ်လာသတုံးဆိုတော့ အရှင်မသည် အခု တောထဲသွားတာလဲ မကြာသေး၊ တရားဓမ္မတွေ ရက်ကလဲ တိုလိုက်တာ၊ ဒါလောက်နဲ့ ပြီးလာတယ်လို့လဲ သူ့စိတ်ထဲကမထင်...။ (မှန်ပါ့ဘုရား)၊ မထင်တော့ လူ ထွက်ချင်လားလို မေးရမှာကလဲ ပညာရှိသဘောမှာ မသက် ရောက်ဘူး။ ဒီလို မေးလဲ မကောင်းဘူး...။ (မှန်ပါ့ ဘုရား)။

အဲဒီတော့ ပုစ္ဆာမေးမှပဲ...ပုစ္ဆာထဲကနေပြီးသကာလ သူ့အကြောင်း တွေးယူမှသာလျှင် လိုရင်းကျဟော့မယ်ဆိုပြီး ပုစ္ဆာမေးတယ်...။ (မှန်ပါ့ဘုရား)၊ အမေးခံရတဲ့ပုဂ္ဂိုလ်က ဓမ္မဒိန္နာထေရီမ ရဟန္တာနော်...။ (မှန်ပါ့)၊ မေးတဲ့ပုဂ္ဂိုလ်က အနာဂါမ်ဆိုတော့ အောက်တစ်ဆင့်ကျသပေါ့ဗျ...။ (မှန်ပါ့)။

ဒါနဲ့ လူထွက်ချင်လို့လားလို့ မေးဖို့ရာ မမေးချင် တာနဲ့ဘဲ ပုစ္ဆာမေးတယ်။ အရှင်ဓမ္မဒိန္နာ...သက္ကာယ သက္ကာယ ဆိုတာ ဘာတုံး၊ သက္ကာယဆိုတဲ့ဥစ္စာ ဘယ်အဓိပ္ပာယ်ကို သက္ကာယလို့ ခေါ်ပါသတုံး။ ဘယ်တရား ကို သက္ကာယလို့ ခေါ်ပါသတုံး...မေးလိုက်တယ်...။ (မှန်ပါ့ဘုရား)။

www.dhammadownload.com



**စာတတ်ပေတတ်ရဟန္တာ**

မေးလိုက်တော့ ဟိုက **ပဋိသမ္ဘိဒါပတ္တ** ရဟန္တာဆိုတော့ **စာတတ်ပေတတ်** ရဟန္တာနော်...။ (မှန်ပါ)။

ရဟန္တာဖြစ်ရင် စာတွေ တတ်လာတယ်။ ပါရမီဆုတောင်းနဲ့ ပြည့်လာတာလို့မှတ်ကြပါ...။ (မှန်ပါဘုရား)။

အဲဒီကဲ့သို့ မေးလိုက်တဲ့အခါကျတော့ ဒါယကာဝိသာခသူဌေး...သက္ကာယ **သက္ကာယဆိုတာ ပဉ္စုပါဒါနက္ခန္ဓာ...ဥပါဒါနက္ခန္ဓာ ငါးပါးကို ဆိုတာပါ။** လောကီခန္ဓာငါးပါးကိုဆိုတာပါလို့ ဖြေလိုက်တယ်...။ (မှန်ပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေက ဒီအထဲ မှတ်စရာကခြော်...တို့ခန္ဓာငါးပါးဟာလောကီခန္ဓာငါးပါးပါကလား။ ဒါကို သက္ကာယလို့ ခေါ်တာပါလားလို့ဆိုတာ ခင်ဗျားတို့က အသားယူပြီး မှတ်ထားပါ...။ (မှန်ပါ)။

ခြော်...ဒါဖြင့် အခု တရားနာနေတဲ့ ဒကာ ဒကာမတွေရဲ့ ခန္ဓာကိုယ်ရုပ်နာမ်ကြီးဟာ ဘာပါလိမ့်မလဲလို့မေးရင် သက္ကာယပဲလို့ ဖြေရမယ်...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီ)၊ ဥပါဒါန်တို့၏အာရုံဖြစ်တဲ့ လောကီခန္ဓာငါးပါးသည် သက္ကာယမည်တယ်လို့ဆုံးဖြတ်ချက်ချကြပါ...။(မှန်ပါ)။

ဆက်လက်ပြီးသကာလ တစ်ခါမေးပြန်တယ်၊ အရှင်ဓမ္မဒိန္နာ၊ သက္ကာယဖြစ်ကြောင်းက ဘယ်သူပါလိမ့်မလဲလို့ ဝိသာခသူဌေးက မေးလိုက်တဲ့အခါကျတော့ ယာယံတဏှာ၊

www.dhammadownload.com



ပေါ်နောဗ္ဘဝိကာ၊ နန္ဒိရာဂ သဟဂတာ၊ တတြတတြာဘိနန္ဒိနီ ဆိုတဲ့အတိုင်း တဏှာပဲလို့ အရှင်ဓမ္မဒိန္နာထေရီမက ဖြေလိုက်တယ်...။ (မှန်ပါ)၊ **တဏှာဟာ သက္ကာယဖြစ်ကြောင်းပဲ**...။ (မှန်ပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ဟောနေတဲ့ ဒကာ ဒကာမတွေ ဒီမှာ ရဟန္တာအရှင်မက အနာဂါမ်ကို အဖြေထုတ်နေတာ ထောက်သဖြင့် သြော်...**တို့ခန္ဓာငါးပါးကြီး ဘယ်သူ ထည့်ထောင်ပါလိမ့်မလဲဆိုတဲ့ဥစ္စာ ဘုံဘဝ တပ်နှစ်သက်တတ်တဲ့ တဏှာပဲလို့** ဒီက ဒကာ ဒကာမတွေကလဲ ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါဘုရား)။

ခန္ဓာကိုယ်တည်ထောင်တာ ဘယ်သူပါလိမ့်ဗျာ...။ (တဏှာပါဘုရား)။

ဒါဖြင့် သက္ကာယချုပ်ရာ ဘယ်ဟာပါလိမ့်မလဲလို့ ဝိသာခသူဌေးက မေးလိုက်ပြန်တော့ သက္ကာယချုပ်ရာဆိုတာ တဿာယေဝတဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော ဆိုတဲ့အတိုင်း တဏှာတို့၏ ချုပ်ရာ၊ သေရာ ငြိမ်းရာဖြစ်တဲ့ **နိဗ္ဗာန်ဟာ သက္ကာယတို့၏ ချုပ်ရာပဲ**...။ (မှန်ပါဘုရား)၊ အဲဒီအတွက်ကျတော့ ရုပ်နာမ် ပါသေးရဲ့လား...။ (မပါ,ပါဘုရား)၊ မပါဘူး။ ရုပ်နာမ်ပါရင် ဖောက်ပြန်ပျက်စီးတဲ့ ဒုက္ခသစ္စာကြီး လိုက်သွားဦးမှာပေါ့...။ (မှန်ပါဘုရား)။

www.dhammadownload.com



ဒါကြောင့် နိဗ္ဗာန်မှာ ဒုက္ခမရှိ။ ချမ်းသာသာရှိတယ် ဆိုတာ ဒကာ ဒကာမတွေကို ဟောပြီးသားဖြစ်တဲ့အတွက် ချမ်းသာအလိုရှိတဲ့ပုဂ္ဂိုလ်ဖြင့် ချမ်းသာရှိတဲ့ဆီကို ရောက်အောင် သွားနည်းနဲ့သွားဖို့ပါပဲ...။ (မှန်ပါ့ဘုရား)။

သုံးချက်ရှိသွားပြီနော်...။ (မှန်ပါ့ဘုရား)။

ဒါနဲ့ ဝိသာခသူဌေးက ဆက်လက် မေးတယ်။ သက္ကာယတို့၏ ချုပ်ရာချုပ်ကြောင်းအကျင့်ကို အမိန့်ရှိပါဦး ဆိုတော့ မဂ္ဂင်ရှစ်ပါးပဲ။ **မဂ္ဂင်ရှစ်ပါးကို ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်လိုက်လို့ရှိရင်** သက္ကာယဖြစ်ကြောင်း သမုဒယသေလို့ အကြောင်းသေသောကြောင့် အကျိုးရုပ် နာမ်တွေချုပ်ပြီးသကာလ **သက္ကာယဒိဋ္ဌိတို့၏ချုပ်ရာ နိဗ္ဗာန် ရောက်တော့တာပဲ**...။ (မှန်ပါ့ဘုရား)၊ မဂ္ဂင်ရှစ်ပါးသာပွား များရင် ရောက်ပါတယ်လို့ ရဟန္တာထေရ်ရီမက ဖြေလိုက် တယ်...။ (မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အခု ကြိုးစားနေတာ ဘာပါလိမ့်မတုံးလို့ တွေးမနေနဲ့တော့၊ မဂ္ဂင် ပွားများနေကြတာ...(မှန်ပါ့ဘုရား)၊ ဒါကြောင့် သက္ကာယ ဟို့၏ ချုပ်ရာ နိဗ္ဗာန်ဆိုတာကြီးကို ခင်ဗျားတို့ပွားများမှသည် ရောက်အောင်ပို့သည့် ပွားများမှုလို့ ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါ)။

တယ်အဖိုးတန်တယ်...။ (တန်ပါတယ်ဘုရား)၊ အနာ

www.dhammadownload.com



ဂါမ်က မေးလို့ ရဟန္တာပုဂ္ဂိုလ်က ဖြေတာ...ဒကာသိုက်ရေ...။(မှန်ပါ့ဘုရား)၊မှားစရာမှောက်စရာတစ်လုံးမှမပါဘူး...။(မှန်ပါ့ဘုရား)၊ မပါဘူး-မပါဘူး။ **နောက်ဆုံးပိတ် ဘုရားဆီ** သူတို့ဆုံကြပါလိမ့်ဦးမယ်။ ဝိသာခသူဌေး ရောက်ပါလိမ့်ဦးမယ်။ ရောက်တဲ့အခါတော့ ဘုရားကလဲ ထောက်ခံချက်ပေးပါလိမ့်ဦးမယ်...။ (မှန်ပါ့ဘုရား)။

ဒါနဲ့ ဒကာ ဒကာမတွေ **ခင်ဗျားတို့ လုပ်နေတဲ့ အလုပ်စဉ်ဟာ သက္ကာယချုပ်အောင်လုပ်နေတဲ့ အလုပ်စဉ်** ပါကလား...။ (မှန်ပါ့)၊ သက္ကာယဖြစ်ကြောင်းလဲ ချုပ်မယ်၊ သက္ကာယလဲချုပ်မယ်...။ (မှန်ပါ့)၊ **မဂ္ဂင်ပွားများနေတဲ့ ပုဂ္ဂိုလ်တွေသည် သက္ကာယလဲချုပ်**လို့ သက္ကာယဖြစ်ကြောင်းလဲ ချုပ်လို့ သက္ကာယတွေ၏ဘာမှုမရှိအောင်ချုပ်တဲ့ နိဗ္ဗာန်ကြီးကို ဒကာ ဒကာမတွေ၏ မဂ္ဂင်ရှစ်ပါးသည် ပွားများတဲ့ ပုဂ္ဂိုလ်တိုင်းမှာပဲ မရောက်မရှိဘူး။ရောက်ရမှာပဲ...။ (မှန်ပါ့ဘုရား)၊ သဘောကျပါလား...။ (ကျပါပြီဘုရား)၊

ဒါဖြင့် ဒကာ ဒကာမတွေ ပွားများနေတဲ့အလုပ်ဟာ သက္ကာယချုပ်ကြောင်းအကျင့်ကိုကျင့်နေကြတာပေါ့...။(မှန်ပါ့ဘုရား)၊ ဩော်...ဒီ ဒကာ ဒကာမတွေ ဘာများလုပ်နေကြပါလိမ့်မတုံးဆိုတာ သံသယမရှိပါနဲ့။ သက္ကာယတို့ ချုပ်ရာချုပ်ကြောင်း အကျင့်ကိုကျင့်နေကြတာ...။ (မှန်ပါ့ဘုရား)၊ သဘောကျပါလား...။ (ကျပါပြီဘုရား)၊ သက္ကာယဆိုတဲ့

www.dhammadownload.com



ရုပ်နာမ်တို့၏ ချုပ်ရာချုပ်ကြောင်း အကျင့်ကို ကျင့်နေကြတာပဲလို့ ကိုယ့်ကိုယ်ကိုလဲ ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါ့ဘုရား)၊ ရှင်းပါလား...။ (ရှင်းပါပြီဘုရား)။

အေး...ဒါကြောင့် ဒကာ ဒကာမတွေလုပ်နေတဲ့ အလုပ်သည်ကားလို့ဆိုရင် တကယ့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်နိုင်တဲ့ အလုပ်ဖြစ်ပြီးသကာလ နေသောကြောင့် သြော်...ဒုက္ခသိမ်း၍ ငြိမ်းတဲ့အလုပ်ဟာ တို့မဂ္ဂင်ရှစ်ပါး ပွားများနေတဲ့ ရုပ်နာမ်ဖြစ်ပျက်ပေါ်မှာ ပွားများနေတဲ့ အလုပ်ပါလားလို့ဆိုပြီး ယုံယုံကြည်ကြည်နဲ့ ကြိုးကြိုးစားစားလုပ်ပါ...။ (မှန်ပါ့ဘုရား)။

**ဒီလမ်းပေါ်ရောက်နေပြီ**

ယုံယုံကြည်ကြည်နဲ့ ကြိုးစားလုပ်ပြီဆိုမှဖြင့် ဒီလမ်းပေါ် ရောက်နေတဲ့ဥစ္စာ ဒီမြို့တော့ ဆိုက်မှာပဲ...။ (မှန်ပါ့ဘုရား)၊ ဒီလမ်းပေါ်ရောက်နေတယ်ဆိုတာက သေချာနေတာ၊ ဒီမြို့ဟာ ဖြည်းဖြည်းဖြစ်စေ၊ မြန်မြန်ဖြစ်စေ ဒကာသိုက် ရောက်ရမှာပဲ...။ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘာမှ သံသယမရှိနဲ့၊ မဂ္ဂင်အလုပ်ကို ပွားများပြီး သွားကြပေတော့ဆိုတာဖြင့် ခင်ဗျားတို့လမ်းပေါ် တင်ပေးထားပေါ့၊ ဆရာဘုန်းကြီးက ဟင်...(မှန်ပါ့)၊ လမ်းပေါ် တင်ပေးထားတော့ကို ဒီလမ်းပေါ်ရောက်အောင်ပဲ ဆရာဘုန်းကြီးက တင်ထားတော့ ဒကာ ဒကာမတွေက

www.dhammadownload.com



ဒီလမ်းအတိုင်း ကိုယ့်ဉာဏ်နဲ့ကိုယ်လျှောက်ကြပေတော့...။ (မှန်ပါ့ဘုရား)၊ ဘာလို့တုံးဆိုတော့ မမှားနိုင်တဲ့လမ်းပဲ ဖြစ်တယ်။ ရောက်ရာဌာနကြီးက အထင်အရှားရှိတယ်...။ (မှန်ပါ့ဘုရား)။

ရဲရဲဘင်းတင်းလှမ်းပါ

ဒါဖြင့် လမ်းလဲမမှား၊ ရောက်ရာဌာနကလဲ သေချာ ခိုင်တော့ ကျုပ်တို့မှာ ရဲရဲတင်းတင်းနဲ့ လုံ့လဝီရိယထားလို့၊ သတိပညာတွေနဲ့ပွားလို့ လုပ်ကြမယ်ဆိုလို့ရှိရင်ဖြင့် ဒီလမ်း သည် ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ...(မှန်ပါ့ဘုရား)၊ ဘိက္ခဝေ-ရဟန်းတို့။ အယံမဂ္ဂေါ-ဤမဂ္ဂင်လမ်းမတော်ကြီး သည်။ ဧကာယနော-တစ်ကြောင်းတည်းနဲ့ နိဗ္ဗာန်ရောက်၏။ ဤကဲ့သို့ သတိပဋ္ဌာန်ပါဠိတော်မှာ ကိုယ်တော်တိုင်ဟောပြီး သင်္ကာလ ထားတာကို ဒကာ ဒကာမတွေ အထပ်ထပ်ကြားရ သဖြင့်လဲ သံသယမရှိမှုလို့ ရဲရဲတင်းတင်းလုပ်ပါ...။ (မှန်ပါ့ ဘုရား)။

အဲဒီတော့ တပည့်တော်မြင်ပါရဲ့ ဖြစ်ပျက်ကလေးတွေ ကို၊ မြင်ရတာနေးပါတယ်ဘုရား၊ တပည့်တော်တို့ နိဗ္ဗိန္ဒ ဉာဏ်ဆိုတာလဲ တယ်ပြီးမတက်သေးပါဘူး၊ ဒုက္ခအဆုံးလဲ မမြင်ရသေးပါဘူးဆိုသဖြင့် ဒါ လမ်းလျှောက်တာသည် နှေးနေသေးလို့ပဲ...။ (မှန်ပါ့)၊ လမ်းလျှောက်တတ်တဲ့ပုဂ္ဂိုလ် ဖြင့်လဲ မြန်မြန်ရောက်ဖို့ပါပဲ...။ (မှန်ပါ့ဘုရား)။

www.dhammadownload.com



အဲဒါကတော့ ဘယ်ပါရမီမှမချပါနဲ့။ တို့မှာ-ပါရမီ မရှိဘူးလား၊ ရှိရဲ့လားဆိုတဲ့ တွေးလုံးတွေကို ဒကာ ဒကာမ တွေကအရမ်းတွေးပြီးသကာလ အလုပ်နောက်ဆုတ်မည့် တွေးလုံး မလာစေပါနဲ့ ...။ (မှန်ပါ့ဘုရား)၊ သေသေချာချာ

ဒီလမ်းပေါ်ရောက်လို့ရှိရင်ဖြင့် ဒီခရီးပေါက်ပြီးသကာလ ဒီနေရာရောက်ရမယ်ဆိုတာ ဓမ္မဒိဋ္ဌာထေရ်ရီမ အဖြေကို မြင်သဖြင့်လည်းကောင်း၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သည် သတိပဋ္ဌာန်ပါဠိတော်၌ ကိုယ်တော်တိုင်ဟောသဖြင့် လည်းကောင်း၊ ကျုပ်တို့ ယုံယုံကြည်ကြည် စိတ်ချနိုင်တဲ့ အချက်အလက် သက်သေသာဓကတွေကဖြင့် ဘာမှ မလို တော့ဘူး...။ (မလိုပါဘူးဘုရား)၊ ရှင်းကြပါလား...။ (ရှင်းပါ ပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နီးနီး ကြားကြားနဲ့ ကြိုးကြိုးစားစားလုပ်ဖြစ်အောင် လုပ်ဆိုတာ အထူးပဲ တိုက်တွန်းရသည်...။ (မှန်ပါ့ဘုရား)၊ ဒါက ဒကာ ဒကာမတွေအတွက် ပြောတာနော်...။ (မှန်ပါ့ဘုရား)။

နောက်တစ်ခါ ဝိသာခသူဌေးက တွေးလိုက်တယ်၊ ဩော်...သစ္စာလေးပါးတော့ ဖြေတာပဲ၊ သက္ကာယက ဒုက္ခ သစ္စာကိုး။ သက္ကာယဖြစ်ကြောင်းက သမုဒယသစ္စာ။ သက္ကာယ ချုပ်ရာက´နိရောဓသစ္စာ...။ (မှန်ပါ့ဘုရား)၊ သက္ကာယချုပ် ကြောင်း အကျင့်က...(မဂ္ဂသစ္စာပါ)၊ ဩော်...သစ္စာလေးပါး

www.dhammadownload.com



တော့ဖြင့် ဓမ္မဒိန္နာ ဖြေနိုင်တယ်။ သို့သော်လဲ စာနဲ့ကြည့်ပြီး ဖြေတာမျိုးလား။ ရထားတဲ့သဘောနဲ့ ဖြေတာလား။ ပင်ကိုယ် ဉာဏ်သဘောနဲ့ ဖြေတာလားဆိုတာ သူ့စိတ်ထဲမှာ တယ်ပြီး မဝေဖန်နိုင်သေးဘူး...။ (မှန်ပါ)၊ ဖြေပုံတော့ မှန်တာအမှန်ပဲ။ ဒီလမ်းရောက်ခဲ့ပါကောဗျာ...။ (မှန်ပါ)၊ သူကလဲ သစ္စာ လေးပါးကတည်းက ဒီလမ်းကို မြင်ခဲ့ထင်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ် နေတော့ ဖြေပုံတော့ သဘောကျရဲ့၊ စာဖြေ ဖြေနေသလား၊ ဉာဏ်ဖြေဖြေနေသလားဆိုတာ သူ မဝေဖန်နိုင်ဘူး...။(မှန်ပါ ဘုရား)။

မဝေဖန်နိုင်တော့ ဆက်မေးဦးမှာပဲ၊ ဒါမှ ပိုပိုရှင်းမယ် ဆိုတဲ့ သဘောမျိုးနဲ့ ဆက်မေးလိုက်တယ်။ ကိုထွန်းအောင် ရေ...(မှန်ပါ)၊ ဆက်မေးလိုက်တဲ့အခါကျတော့ ခုနင်တုန်းက ပြောခဲ့တဲ့စကားထဲမှာ ပဥ္စုပါဒါနက္ခန္ဓာဆိုတဲ့ ဥပါဒါနက္ခန္ဓာ သည် သက္ကာယလို့ အရှင်ဓမ္မဒိန္နာထေရ်ရီမက ဖြေခဲ့တော့ ဥပါဒါန်နဲ့ ခန္ဓာဟာ တခြားစီလား၊ သို့မဟုတ် အတူတူပဲလား မေးလိုက်တယ်။ ဥပါဒါန်နဲ့ခန္ဓာဟာပေါ့ဗျာ...။(မှန်ပါဘုရား)၊

နဂိုက စာလိုရေးထားတော့ ဥပါဒါနက္ခန္ဓာလို့ရေး ထားတယ်...။ (မှန်ပါ)၊ အခု ခွဲပြီး သူက မေးလိုက်တယ်။ **ဥပါဒါန်ဆိုတဲ့တရားနဲ့ ခန္ဓာဆိုတဲ့ တရားသည် အတူတူပဲ လား အရှင်ဓမ္မဒိန္နာ။ သို့မဟုတ် တခြားစီပဲလား...တဲ့။** ဓမ္မဒိန္နာထေရ်ရီမက ဖြေလိုက်ပြန်တယ်...။ (မှန်ပါ ဘုရား)၊

www.dhammadownload.com



ဥပါဒါန်ဆိုတာက ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်ဆိုတော့ ဥပါဒါန်က လေးပါးရှိပါ တယ်၊ ခန္ဓာက လောကီခန္ဓာငါးပါးရှိပါတယ်။ အဲဒီတော့ သူတို့ဟာ **တခြားစီဖြေလို့လဲ မရဘူး။ အတူတူဖြေလို့လဲ** မဟုတ်ဘူး...။ (မှန်ပါ)၊ **ဒီခန္ဓာငါးပါးကို ဥပါဒါန်ဆိုတဲ့ တရားနဲ့ နှစ်သက်ပြီး သကာလ နေခဲ့လို့ရှိရင်ဖြင့် ဒါဟာ ဥပါဒါနက္ခန္ဓာ ဖြစ်တာပဲ**...။(မှန်ပါ)၊**မနှစ်သက်ခဲ့လို့ရှိရင်ဖြင့် ဥပါဒါနက္ခန္ဓာ မဖြစ်ဘူး။** ဒီလိုဖြေလိုက်တယ်...။(မှန်ပါ ဘုရား)။

တယ်ထူးခြားပါလား...။ (ထူးခြားပါတယ်ဘုရား)၊ တယ်ထူးခြားပါလားဆိုတာ, ဒကာ ဒကာမတွေ ဘုန်းကြီး ရှင်းပြမယ်။ မိမိခန္ဓာကြီးကို နဂိုက ခြင်ကိုက်လဲ မခံနိုင်ဘူး။ အညောင်းအညာလဲ မခံနိုင်ဘူး။ ဝေဒနာတွေပေါ်တာလဲ သည်းမခံနိုင်။ ကိုယ့်ခန္ဓာဖြင့် ခလုတ်မထိ ဆူးမငြိပါစေနဲ့ ဆိုတာ ပရိတ်တွေ မေတ္တာတွေနဲ့ ဆောင်ထားပြီးသကာလ သူ့ကို ဒါလောက်ခင်ပါတယ်...။ (မှန်ပါ)၊ ခန္ဓာငါးပါးအပေါ် ခင်တာတော့ဖြင့် ပြောစရာမရှိလောက်ပါဘူး...။ (မှန်ပါ)၊ အမွေးတစ်ပင်ကျွတ်တောင် မခံနိုင်ဘူးဆိုတဲ့ အဓိပ္ပာယ်မျိုး တောင်မှ တစ်ခါတစ်ခါ သုံးလိုက်သေးတယ်...။(မှန်ပါ ဘုရား)၊ ကိုယ်ခန္ဓာငါးပါးကို ကိုယ်မခင်ဘူးလားဗျာ...။ **(ခင်ပါတယ်ဘုရား)၊ အဲဒီခန္ဓာငါးပါးကိုခင်တဲ့ဥစ္စာကတော့ တဏှာပဲ။ အဲဒီ တဏှာကြီးရင့်လာတဲ့အခါကျတော့ ဥပါဒါန်**

www.dhammadownload.com



ဖြစ်ပါတယ်...။ (မှန်ပါ့ဘုရား)၊ ဒုက္ခကိုသာပေးနေတဲ့ ခန္ဓာကြီး ဖြစ်လေသောကြောင့် သူ့အပေါ်မှာ ခင်စရာ မင်စရာ တစ်ကွက်တစ်စက်မှ မရှိဘူးလို့ဆိုတဲ့ ဉာဏ်ပေါ်လာတဲ့အခါ ကျလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဥပါဒါနက္ခန္ဓာ မှုတ်တော့ဘူး...။ (မှန်ပါ့)၊ စွဲလမ်းတဲ့ခန္ဓာ ဟုတ်သေးရဲ့လား...။ (မဟုတ်ပါဘုရား)၊ ဒီခန္ဓာကြီး ဘယ်တော့ချရပါ့မတုံး၊ ဘယ်တော့ စွန့်ရပါ့မတုံးဆိုပြီးသကာလ ကိုယ့်စိတ်ထဲမှာ ခန္ဓာစွန့်ချင်တဲ့သဘောသာပါတယ်။ ခန္ဓာခင်တဲ့သဘော နည်းနည်းပါသေးရဲ့လား...။ (မပါ,ပါဘုရား)၊ အဲဒီကဲ့သို့ ခန္ဓာပေါ်မှာ ခင်တဲ့ဆန္ဒ မရှိလို့ရှိရင်ဖြင့် ဥပါဒါနက္ခန္ဓာ မဟုတ်တော့ဘူး..။ (မှန်ပါ့)၊ ခင်တဲ့ ဥပါဒါန်၊ စွဲလမ်းတဲ့ ဥပါဒါန်ရှိနေသေးလို့ရှိရင်ဖြင့် ဒါ ဥပါဒါနက္ခန္ဓာလို့ဆိုရမှာပဲ...။ (မှန်ပါ့)၊ သဘောကျပါလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့...ဒကာ ဒကာမတို့ အလုပ်အလုပ်နေတဲ့အခါကျတော့ ပထမရှေးဦးစွာ ဖြစ်ပျက်ကို မြင်အောင်ကြိုးစားပါလို့ ဆရာဘုန်းကြီးက ဝေဒနာတွေ့တွေ့၊ ဝေဒနာတွေ့တွေ့ပြီး ဖြစ်ပျက်မြင်အောင် ကြိုးစားပါဆိုပြီး သကာလ နိုင်းထားတယ်...။ (မှန်ပါ့)။

ထိုကဲ့သို့နိုင်းတာသည် အခြားကြောင့် နိုင်းတာ မဟုတ်ဘူးတဲ့...၊ ကိုယ့်ခန္ဓာမဟုတ်ကြောင်း ကောင်းကောင်း သိအောင်လို့၊ ခင်တဲ့စိတ်သည် စွဲလမ်းတဲ့စိတ်သည် ပျက်ပြယ်

www.dhammadownload.com



သွားအောင်လို့ ဟောရခြင်းဖြစ်တယ်...။ (မှန်ပါ့ဘုရား)၊ သဘောကျပါလား...။ (ကျပါပြီဘုရား)။

အဲဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း အစစ်ကို ကြားချင်ကြလို့ရှိရင်ဖြင့် ဒီခန္ဓာပေါ်မှာ ခင်မှု၊ စွဲလမ်းမှု သေရင် ဖရောက်တော့တာပဲလို့သာ ဆုံးဖြတ်ချက် ချပါ...။ (မှန်ပါ့ဘုရား)။

**ဒီခန္ဓာပေါ်မှာ ခင်မှု၊ စွဲလမ်းမှုချုပ်ငြိမ်းသွားရင် ဘာတုံး**...။ (နိဗ္ဗာန်ရောက်ပါတယ်ဘုရား)၊ **နိဗ္ဗာန်ရောက် တာပဲ။ ခန္ဓာရှိနေတုန်းပဲ ရောက်နေတာပဲ။** ခန္ဓာမရှိတဲ့အခါ လဲ ရောက်တာပဲ...။ (မှန်ပါ့ဘုရား)၊ သဘောကျပါလား...။ (ကျပါပြီဘုရား)။

**ခန္ဓာဖြစ်ပျက်ပွားများကြစမ်းပါ**

ဒုက္ခငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်၊ ထောင့်ငါးရာ ကိလေသာတို့၏ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်သည်ကားလို့ ဆိုရင် ဒကာ ဒကာမတို့ ဒီခန္ဓာစွဲလမ်းနေတဲ့ပုဂ္ဂိုလ်၊ ခင်နေတဲ့ ပုဂ္ဂိုလ် မရောက်ဘူး...။ (မှန်ပါ့)၊ ခန္ဓာမခင်တော့ပါဘူး၊ မစွဲလမ်းတော့ပါဘူးဆိုတာဖြင့် ဒကာသိုက် ကေန်ရောက်၊ တကယ်ရောက်မယ်...။ဘာမှသံသယမရှိနဲ့...။(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတွေကို ဘုန်းကြီးက သင်ထား တယ်၊ ပွားများကြစမ်းပါ၊ **ခန္ဓာဖြစ်ပျက် ပွားများကြစမ်း** ဆိုတာ၊ ဩော်...ဉပါဒါနက္ခန္ဓာ **မဖြစ်အောင်လုပ်နေတာ**

www.dhammadownload.com



ကိုး...။ (မှန်ပါ)၊ စွဲလမ်းတဲ့ခန္ဓာ မဖြစ်အောင်လို့၊ ဘုန်းကြီးက မဂ္ဂင်နဲ့ ပွားများပါလို့ နှိုင်းနေတာကိုးဆိုတာလဲ ယနေ့ ရှင်းရှင်းလင်းလင်းမှတ်ပါ...။ (မှန်ပါဘုရား)။

ပွားများပါ၊ ပွားများပါဆိုတာသည် ဒကာ ဒကာမတို့ ရိပ်မိပါလား...။ (ရိပ်မိပါတယ်ဘုရား)၊ ဘယ်အကျိုးငှာ ဘာပါလိမ့်ဗျာ...။ (ဥပါဒါနက္ခန္ဓာမဖြစ်အောင်လို့ပါ)၊ ခန္ဓာကိုယ် စွဲလမ်းတာက ဥပါဒါန်။ အဲဒီစွဲလမ်းမှုကြီး အကုန်ချုပ်ငြိမ်း ရပ်သိမ်းအောင်လို့...(မှန်ပါ)၊ စွဲလမ်းစရာမရှိတဲ့ ဥစ္စာကို စွဲလမ်းပြီးသကာလနေသောကြောင့် မစွဲလမ်းရအောင်လို့ ဉာဏ်သွင်းပေးလိုက်တာ...။ (မှန်ပါ)၊ ဉာဏ်သွင်းပေးလိုက်တဲ့အခါကျတော့ စွဲလမ်းတဲ့တဏှာဥပါဒါန်ကချုပ်တယ်...၊ (မှန်ပါ)၊ ချုပ်တဲ့အခါကျတော့ ခန္ဓာကြီးရှိပြီးသကာလ နေငြားသော်လဲ ခန္ဓာစွဲလမ်းတဲ့ တဏှာဥပါဒါန်ချုပ်တဲ့ အတွက် သဉပါဒိသေသနိဗ္ဗာန်ဆိုတာ ရောက်ပါတယ်...၊ (မှန်ပါဘုရား)။

ဘုရားသခင်သည် ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာ ငါ နိဗ္ဗာန်ရောက်တယ်၊ နိဗ္ဗာန်ရတယ် ပြောတာဟာ ခန္ဓာရှိသေးသားပဲ...။ (မှန်ပါ)၊ သို့သော် ဒီခန္ဓာကို သူ မစွဲလမ်းဘူး...။ (မှန်ပါ)၊ စွဲလမ်းသေးရဲ့လား...။ (မစွဲလမ်းပါဘုရား)၊ မစွဲလမ်းတဲ့အတွက် နိဗ္ဗာန်ရောက်နေတာပဲ၊ အာရုံပြုသောအားဖြင့် မြင်နေတာပဲဆိုတာ အားလုံး ဒကာ ဒကာမတွေက ဆုံးဖြတ်

www.dhammadownload.com



ချက်ချလိုက်...။(မှန်ပါဘုရား)၊ရှင်းပါလား...။(ရှင်းပါပြီဘုရား)။

ကိုင်း...ဒါဖြင့် ဥပါဒါန်နဲ့ ခန္ဓာနဲ့ဟာ စွဲလမ်းရင်ဖြင့် ဥပါဒါနက္ခန္ဓာဖြစ်မှာပဲ...။ (မှန်ပါ)၊ မစွဲလမ်းရင်... (ဥပါဒါနက္ခန္ဓာ မဟုတ်ပါဘုရား)။

အေး...ဒါကြောင့် ဥပါဒါန်နဲ့ ခန္ဓာဟာ တခြားစီလား အတူတူပဲလားဆိုတော့ တခြားစီလဲ မဟုတ်ဘူး၊ အတူတူလဲ မဟုတ်ဘူး၊ စွဲလမ်းလို့ရှိရင်ဖြင့် ခန္ဓာနဲ့ ဥပါဒါနက္ခန္ဓာနဲ့ဟာ ခန္ဓာက အာရုံစွဲလမ်းတဲ့ ဥပါဒါန်က အာရုံခံဘက်က ဖြစ်နေတာပဲ...။ (မှန်ပါ)၊ နောက်ဥပါဒါန်ကို မဂ်ဉာဏ်နဲ့ ဖြတ်တောက်ချလိုက်တဲ့အခါကျတော့၊ စွဲလမ်းတဲ့တဏှာ သေတဲ့အခါကျတော့ ဥပါဒါနက္ခန္ဓာ မဖြစ်တော့ဘူး...။ (မှန်ပါ)၊ အနုပါဒါနက္ခန္ဓာဖြစ်တော့တယ်...။ (မှန်ပါ)၊ သဘောကျပါလား...။ (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ အားထုတ်တဲ့အခါကျတော့ **တို့ ဘယ်အခြေအနေရောက်မှ ကိစ္စပြီးမှာပါလိမ့်မတုံး** လို့ မေးတဲ့အခါကျတော့၊ အားထုတ်စဉ်အတိုင်း အားထုတ်လို့ ခန္ဓာအပေါ်မှာ ဘာမှ မငဲ့မကွက်ဘဲနဲ့ သက်သက် ဒုက္ခသစ္စာ နှိပ်စက်တဲ့ခန္ဓာကြီးပဲ။ မင်းတို့ဖြင့် ခင်တွယ်နေလို့ အမိုပဲ ဆိုတဲ့ မဂ်ဉာဏ်တွေဝင်လာလို့ရှိရင် ဒါဟာ ခန္ဓာပင်ရှိငြား သော်လဲ ဥပါဒါနက္ခန္ဓာမဟုတ်တော့ဘူး...။ (မဟုတ်ပါဘုရား)၊ စွဲလမ်းတဲ့ခန္ဓာ မဟုတ်တော့ဘူး၊ မစွဲလမ်းတဲ့ခန္ဓာ ..(မှန်ပါ

www.dhammadownload.com



ဘုရား)၊ ထုံးစံရထားတဲ့ ခန္ဓာသာဖြစ်တော့တယ်။ သူ့အတွက် ကြောင့်ကြံစိုက်ဖို့ ခန္ဓာမဟုတ်တော့ဘူး...။ (မဟုတ်ပါဘုရား) သူ့အတွက် စိုးရိမ်စရာ ဗျာပါရကပ်တဲ့ ခန္ဓာကော... (မဟုတ်ပါဘုရား)၊

အဲဒီလို ဖြစ်အောင်လို့ ဒကာသိုက်တို့နဲ့တကွ ကိုထွန်းအောင်တို့က ဒီခန္ဓာပင်ရှိငြားသော်လဲ မစွဲလမ်းဘဲနဲ့ တဏှာဥပါဒါန်ချုပ်သွားမယ်ဆိုရင် ဒါဟာ ခန္ဓာရှိငြားသော်လဲ ဒိပုဂ္ဂိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုနေတာ...။ (မှန်ပါ)၊ နိဗ္ဗာန်ရတာပဲ။ ခန္ဓာရှိလျက်နဲ့ ရနေတဲ့ နိဗ္ဗာန်...။ (မှန်ပါ)၊ အဲဒီလို ဆုံးဖြတ်ချက်ချလိုက်စမ်းပါ...။ (မှန်ပါဘုရား)။

ကောင်းပြီ...ဒါဖြင့် ဥပါဒါနက္ခန္ဓာရှင်းသွားပြီနော်...။ (ရှင်းပါပြီ)။

ဒါနဲ့ ဝိသာခသူဌေးက ဆုံးဖြတ်တော့ ကောင်းကောင်းတော့ မချသေးဘူး...။ (မှန်ပါ)၊ သူ့စင်ပွန်းမယောင်း ဓမ္မဒိန္နာဟာ လူထွက်ချင်လို့ ပြန်လာတာလားဆိုတာ တွေးနေတယ်။ သူ မေးတဲ့အတိုင်း ဖြေလိုက်တာတွေအပြင် တကယ့်ပညာရှိသဘော၊ အရိယာသဘောသက်ရောက်နေပြီ။ ဒီတော့ မေးတဲ့လက်စနဲ့ ဆက်မေးဦးမယ်၊ အကုန်အစင်သိရအောင်ဆိုပြီး ဆက်မေးတယ်...။ (မှန်ပါဘုရား)။

အရှင်မ ဓမ္မဒိန္နာ...သက္ကာယဒိဋ္ဌိ–သက္ကာယဒိဋ္ဌိဆိုတာကို ရှင်းပြစမ်းပါတဲ့...။ (မှန်ပါ)၊ ဟာ...သက္ကာယဒိဋ္ဌိ၊

www.dhammadownload.com



သက္ကာယဒိဋ္ဌိဆိုတာ တခြားမဟုတ်ပါဘူး၊ သက္ကာယဒိဋ္ဌိဆိုတဲ့ ဥစ္စာက ရုပ်ကိုငါထင်၊ ဝေဒနာကိုငါထင်၊ သညာကိုငါထင်၊ သင်္ခါရကိုငါထင်၊ စိတ်ကိုငါထင်။ အဲဒီလို ကြားဖူးနားဝလဲ မရှိ၊ အရိယာတို့ကို ဆည်းကပ်တဲ့ပုဂ္ဂိုလ်လဲမဟုတ်၊ ဆရာကောင်းသမားကောင်းဆီမှာ သုတ်မယဉ်ကျေးနဲ့ ကြားဖူးနားဝလဲမရှိဘဲ ပုဂ္ဂိုလ်ကတော့ ရုပ်ဟာငါပဲ…၊ ဝေဒနာဟာ ငါပဲ၊ သညာဟာ ငါပဲထင်တယ်…။ (မှန်ပါ့)၊ ငါ မှတ်ထားတာ ငါ ကောင်းစားတယ်၊ ငါ့ခန္ဓာ၊ ငါ့စိတ်ဆိုပြီး သကာလ ရုပ်ကို ငါ၊ ဝေဒနာကို ငါ၊ သညာကို ငါ၊ သင်္ခါရကို ငါ၊ ဝိညာဏ်ကို ငါစွဲလို့ရှိရင်ဖြင့် အဲဒါသက္ကာယ ဒိဋ္ဌိပါပဲ…။ (မှန်ပါ့)၊ သဘောကျကြပါလား…။ (ကျပါပြီဘုရား)။

**သက္ကာယဒိဋ္ဌိဆိုတာ ခန္ဓာငါးပါးကို ငါထင်လို့ရှိရင်… (သက္ကာယဒိဋ္ဌိပါဘုရား)။**

ခန္ဓာငါးပါးကို ငါထင်တဲ့ ဒကာ ဒကာမတွေ မှန်လို့ရှိရင် ဒါ သက္ကာယဒိဋ္ဌိချည်း ဆုံးဖြတ်ချက်ချ…။ (မှန်ပါ့)၊ သဘောကျပါလား…။ (ကျပါပြီဘုရား)။

အဲဒီတော့ သက္ကာယဒိဋ္ဌိက ဘာတုံးလို့မေးတဲ့အခါကျလို့ရှိရင်ဖြင့်၊ ရုပ်ကို ငါထင်တယ်ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ နဂိုကလဲ ဟောပြီးသားလဲ ဖြစ်ပြီးသကာလနေတော့ ရုပ်နဲ့ငါနဲ့ဟာ တစ်သားတည်း မနေဘူးလား…။ (နေပါတယ်ဘုရား)။

www.dhammadownload.com



ရုပ်ဟာ ငါပဲ...ရုပ်သည်ပင်လျှင်ငါပဲ။ ဝေဒနာသည်ပင်လျှင်...(ငါပဲ)၊ သညာသည်ပင်လျှင်...(ငါပဲ)၊ သင်္ခါရသည်ပင်လျှင်...(ငါပဲ)၊ စိတ်သည်ပင်လျှင်...(ငါပဲ)၊ အကုန် ငါ လုပ်ထားတယ်...။ (မှန်ပါဘုရား)။

အဲဒီလို ငါ လုပ်ထားလို့ရှိရင်ဖြင့် ဒကာ ..ဘာမတွေ ဓမ္မဒိန္နာ ဝိသာခ အမေးအဖြေထဲမှာ ဘုန်းကြီးက ဖြည့်စွက်ပြောရလို့ရှိရင်ဖြင့် အဲဒါ ဥစ္ဆေဒဒိဋ္ဌိ...(မှန်ပါဘုရား)။

ရုပ်ကို ငါထင်၊ ဝေဒနာကိုငါထင်၊ သညာကို ငါထင်၊ သင်္ခါရကို ငါထင်၊ ဝိညာဏ်ကို ငါထင်ရင် ဘာတဲ့...(ဥစ္ဆေဒဒိဋ္ဌိပါဘုရား)၊ သက္ကာယဒိဋ္ဌိတော့ သက္ကာယဒိဋ္ဌိပဲ။ သက္ကာယဒိဋ္ဌိထဲမှာမှ သက္ကာယဒိဋ္ဌိက ကျေးဇူးပြုလိုက်တဲ့အတွက် ဥစ္ဆေဒဒိဋ္ဌိကျအောင် ဖြစ်သွားတယ်...။ (မှန်ပါဘုရား)၊

ဘယ့်နှယ်ကြောင့် ဥစ္ဆေဒဒိဋ္ဌိဘက် ကူးသွားရသတုံးလို့ ဒကာသိုက် မေးခွန်းထုတ်လိုက်လို့ရှိရင်ဖြင့် ရုပ်သေရင်ပျောက်တယ်ဆိုတော့ ဘာမှမရှိ၊ အကုန်ပျောက်သွားတဲ့အခိပ္ပာယ် မရောက်ဘူးလား...။ (ရောက်ပါတယ်ဘုရား)၊ နောက်ဘာဖြစ်သေးတယ်ဆိုတဲ့အခိပ္ပာယ်လာသေးသလား...။ (မလာပါဘုရား)၊ အဲဒါကြောင့် ပြတ်သွားတဲ့သဘောယူလိုက်သောကြောင့် သူဟာ ဥစ္ဆေဒဒိဋ္ဌိ...(မှန်ပါဘုရား)။

ဒါကြောင့် ဥပမာကို အရင်တုန်းက ဟောခဲ့ပါတယ် ဒကာ ဒကာမတွေ...မီးနဲ့အရောင် မကွဲတဲ့ပုဂ္ဂိုလ်ဖြစ်နေ

www.dhammadownload.com



တယ်...။ (မှန်ပါ)၊ မီးသေးရင် အရောင်ချုပ်တာပဲဆိုတော့ မီးကပူတာ၊ အရောင်ကလင်းတာမဟုတ်လား ဒကာ ဒကာမတို့...။ (မှန်ပါ)၊ အဲဒါ သူက တစ်သားတည်းယူထားတယ်။ မီးနဲ့အရောင် အတူတူပဲလို့သာ ယူထားတယ်. .။ (မှန်ပါ)၊ ဘာကြောင့် ယူသတုံးဆိုလို့ရှိဖြင့် မီးသေရင်အရောင်သေတာပဲ။ မီးသေရင် အရောင်သေတာပဲဆိုလို့ရှိရင်ဖြင့် ရုပ်သေရင် ငါသေတာပဲ ယူလိုက်တယ်...။ (မှန်ပါ)၊ သဘောကျပါလား...။ (ကျပါပြီဘုရား)၊ အဲဒီကဲ့သို့ ယူလိုက်တော့ ဘာဒိဋ္ဌိထဲ သက်ဝင်သွားသတုံး...။ (ဥစ္ဆေဒဒိဋ္ဌိထဲ သက်ဝင်သွားပါတယ်ဘုရား)။

ဒါက ဒကာဒကာမတွေ နားလည်မှုအတွက် ကြားဖြတ်တရားထည့်ပေးခြင်းဖြစ်တယ်...။ (မှန်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ရုပ်ကို ငါထင်ရင် သက္ကာယဒိဋ္ဌိပဲ။ ဒီသက္ကာယဒိဋ္ဌိကိုပင် ဥစ္ဆေဒဒိဋ္ဌိလုပ်တယ်။ ဒကာသိက်ရှင်းပါလား...။ (ရှင်းပါပြီဘုရား)။

ရုပ် အတ္တတော သမနုပဿတိ ရူပဝန္တံဝါ စသည်ဖြင့်ဆိုတဲ့ ဥစ္စာလဲရှိသေးတယ်။ ဘယ်လိုရှိသတုံးဆိုတော့ ဝေဒနာနဲ့ပဲ သွားကြပါစို့။ ဝေဒနာကို ငါထင်လဲ သက္ကာယဒိဋ္ဌိ... (မှန်ပါ)၊ဝေဒနာနဲ့ ငါနဲ့သည်ကားလို့ဆိုရင်ရောနေလို့ရှိရင် ဝေဒနာလဲချုပ်ရော ငါလဲ ပြတ်တာပါပဲလို့ဆိုလို့ရှိရင် ဥစ္ဆေဒဒိဋ္ဌိဘက် သေသေချာချာပြေးတော့တာပဲ...။ (မှန်ပါဘုရား)။

www.dhammadownload.com



ဒါကြောင့် ဒကာ ဒကာမတွေကို ဘုန်းကြီးတို့က သင်ထားတော့ ဝေဒနာရှုတဲ့ ဒကာ ဒကာမတွေက ဝေဒနာဟာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာရယ်လို့ ဝေဒနာ သုံးမျိုးရှိတဲ့အနက်က ဒကာ ဒကာမတွေ ဉာဏ်ထဲထည့်ပြီး ပေးလိုက်ပြီဆိုမှဖြင့် ဉာဏ်နဲ့ဝေဒနာနဲ့ ထည့်လိုက်ပြီဆိုမှဖြင့် ဖျတ်ခနဲ ဖြစ်ပျက်သွားတာ မြင်လိုက်တယ်...။ (မှန်ပါဘုရား)၊ မမြင်လိုက်ဘူးလားဗျာ...။ (မြင်ပါတယ်ဘုရား)။

အဲဒါ ငါမပိုင် ငါမဆိုင်လို့ ပျက်တာ မသေချာဘူးလား...။ (သေချာပါတယ်)၊ အဲဒီတော့ ဝေဒနာကို ငါလို့ ယူသေးရဲ့လား...။ (မယူပါဘုရား)၊ မယူတော့ဘူး၊ အနတ္တလို့ ယူလိုက်တယ်...။ (မှန်ပါ)၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ယူလိုက်တယ်...။ (မှန်ပါ)။

ဒကာသိုက်ရေ...ဘုန်းကြီးတို့ ဒကာ ဒကာမတွေကျတော့ ဒီကဲ့သို့ ဉာဏ်တွေ ဆရာဘုန်းကြီးက ပေးထားတဲ့ အခါကျတော့ သက္ကာယဒိဋ္ဌိဖြစ်သေးရဲ့လား...။(မဖြစ်ပါဘုရား)၊ ဥစ္ဆေဒဒိဋ္ဌိရော ဖြစ်သေးရဲ့လား...။ (မဖြစ်ပါဘုရား)၊ ဟော...ဒိဋ္ဌိစင်သွားတယ်...။ (မှန်ပါဘုရား)။

ဒါကြောင့် ဖြစ်ပျက်ရှုတဲ့ ဒကာ ဒကာမတွေ ဝေဒနာ ဖြစ်ပျက်ရှုရင် တစ်ခါတည်း ရှေ့နားတွင်ဖြစ် ရှေ့နားတွင် ပျက်သွားတာဖြစ်လိုက်တော့ ဝေဒနာသည် ငါမပိုင် ငါမဆိုင်တဲ့ အဓိပ္ပာယ်ရှင်းမသွားဘူးလား...။ (ရှင်းသွားပါတယ်)၊

www.dhammadownload.com



ဝေဒနာကို ငါလို့ဆိုလို့ ရသေးရဲ့လား…။ (မရပါဘုရား)။

အေး…အရင်တုန်းကတော့ ငါ နာတယ်၊ ငါကောင်းတယ်၊ ငါ အလတ်စားရှိတယ်လို့ ဝေဒနာကို ငါထင် ထင်နေလိုက်သေးတယ်…။ (မှန်ပါဘုရား)၊ အခုတော့ ထင်သေးရဲ့လား…။ (မထင်ပါဘုရား)၊ ဉာဏ်နဲ့ ရှုလိုက်တဲ့အချိန်ကျတော့ ဒကာသိုက်ရေ ပျက်ပျက်သွားတာတွေ၊ ပျောက်ပျောက်သွားတာတွေ မမြင်ရဘူးလား…။ (မြင်ရပါတယ်ဘုရား)။

အဲဒါကြောင့် ဒီလိုဝေဒနာ ပျက်ပျောက်သွားတာဖြစ်စ်ကဲ့ ဒကာ ဒကာမ မှန်လို့ရှိရင်ဖြင့် သက္ကာယဒိဋ္ဌိပြုတ်နေတယ်။ ဩော်…ဒါဟာ ငါမဟုတ်ဘူး၊ အတ္တမဟုတ်ဘူး၊ အနတ္တပါလားဆိုတဲ့ဥစ္စာက မပြောဘဲနဲ့ ပြီးနေတယ်…။(မှန်ပါဘုရား)။

အနတ္တလို့ မပြောရပါဘူး၊ ရှေ့တွင် ပျောက်တာမြင်လိုက်တော့ မပိုင်မဆိုင်လို့ ပျောက်တာပဲဆိုတာ ခင်ဗျားတို့ သိပြီးသားဖြစ်ပါလိမ့်မယ်…။ (မှန်ပါ)။

အဲဒီတော့ မပိုင်မဆိုင်တာ ဘာခေါ်ကြမယ်…(အနတ္တပါဘုရား)၊ ဩော်…ဒါဖြင့် ဝေဒနာဟာ အတ္တလား အနတ္တလား မေးရင် ဘယ့်နှယ်ပြောကြပါ့မယ်…။ (အနတ္တပါဘုရား)။

ဝိပဿနာရှုနေတဲ့ ဒကာ ဒကာမတွေကတော့ သက္ကာယဒိဋ္ဌိပြုတ်ပြီးသကာလ ဉာဏ်ထဲမှာ ရှုနိုက်မှာ တစ်ခါတည်းပြုတ်နေတာပဲ…။ (မှန်ပါဘုရား)။

www.dhammadownload.com



ကိုင်း...သက္ကာယဒိဋ္ဌိပြုတ်တော့ ခုနင်ကဥစ္ဆေဒိဋ္ဌိတွေ၊ သဿတဒိဋ္ဌိတွေ လာသေးတယ်လား...။ (မလာပါဘုရား)၊ ဒါဖြင့် ဒိဋ္ဌိရှိမှ အပါယ်သွားရတာ ဒကာသိုက်ရေ...(မှန်ပါ)၊ ဒိဋ္ဌိမရှိတော့ အပါယ်မသွားရပါဘူး။

ဒါကြောင့် ခင်ဗျားတို့ **ရှုနေရင်းမတွေ့နိုင်သော သေစမ်းပါ၊ သောတာပန်မတည်ဘဲနဲ့ပဲ ရှိပါမှတော့၊ အပါယ်တော့ စိတ်ချရတယ်**...။ (မှန်ပါ)၊ အပါယ်နဲ့ မရောက်ဘူး။ ရှုရင်းမတွေ့နဲ့ပဲ ဩော်...ဒီဥစ္စာသည်ကားလို့ဆိုရင်ဖြင့် ဥပမာ မမာနေတယ်။ မမာနေတာဆိုတာ ဒုက္ခဝေဒနာပဲ။ အဲဒီ ဒုက္ခဝေဒနာကလေး ဉာဏ်နဲ့ကြည့်-ကြည့်-ကြည့်-ကြည့်ပြီး အနတ္တဆိုတာ ဩော်...ခဏ-ခဏ အနာကလေးဟာ လျော့လိုက် တိုးလာလိုက်နဲ့။ လျော့လိုက် တိုးလာလိုက် ဆိုတာ အနာကလေးပျက်ပြီးသကာလ အနာကြီး ပေါ်ပေါက် တော့တာပဲ...။ (မှန်ပါ)၊ အနာကြီး ပျက်သွားပြန်တော့ အနာကလေး လှည့်လာပြန်ရော...မဟုတ်လား...။ (မှန်ပါ)၊ အဲဒီလို ဒုက္ခဝေဒနာကလေးတွေဟာ ဖြစ်လိုက် အစားထိုး လိုက်။ **ပျက်လိုက်၊ အစားထိုက်၊ ပျက်လိုက်၊ အစားထိုး လိုက်လို့ ကျုပ်တို့က မြင်အောင်ရှုနိုင်တဲ့ ဒကာ ဒကာမတွေ ဖြစ်ခဲ့လို့ရှိရင်ဖြင့် ရှုရင်းမတွေ့နဲ့ သက္ကာယဒိဋ္ဌိက ပြုတ် တယ်**...။ (မှန်ပါ)၊ ပြုတ်နေတဲ့အတွက် ဒီဝေဒနာနဲ့ပဲ စုတိ စိတ် ကျသွားဦးတော့ **သုဂတိသေရျာတယ်**...။ (မှန်ပါ)၊

www.dhammadownload.com



အပါယ် ဒုဂ္ဂတိတော့ မရောက်ဘူး။ ဒါ စူဠသောတာပန် ဟောလိုက်တာ...။ (မှန်ပါ)၊ ရိပ်မိကြပလား...။ (ရိပ်မိပါပြီ ဘုရား)။

ဪ...ဒါဖြင့် တို့ရှုနေတဲ့အလုပ်သည်ကားလို့ရှိရင် ဖြင့် တယ်လို့ပင် အဖိုးတန်ပါလားဆိုတဲ့ဥစ္စာ ပေါ်ပါပြီ...။ (ပေါ်ပါဘုရား)၊ ရှင်းကြပါလား...။ (ရှင်းပါပြီဘုရား)။

အကယ်၍ **ဝေဒနာတွေ ငြိမ်းအောင် ချုပ်အောင် ရှုနိုင်မယ်ဆိုလို့ရှိရင် သောတာပန်အစစ်ဖြစ်သွားသောကြောင့် လဲ သုဂတိကို သောတာပန်အဖြစ်နဲ့ပဲ ရောက်တယ်**...။ (မှန်ပါ)၊ ခုနင်တုန်းက အဖြစ်ကတော့ ပုထုဇဉ်အဖြစ်နဲ့ရောက် တာ...။ (မှန်ပါ)၊ ပုထုဇဉ်အဖြစ်နဲ့ရောက်လဲ ဒုတိယဘဝ သောတာပန်တည်တာပဲ...။ (မှန်ပါဘုရား)။

ဟာ...ချုပ်အောင်ငြိမ်းအောင် ရှုကြမယ်ဆိုလို့ရှိရင်လဲ ဒကာ ဒကာမတို့ ဒီဘဝပဲ သောတာပန်တည်ပြီးသကာလ သုဂတိမှာ သွားကြပေတော့...။ (မှန်ပါ)၊ ဟာ...ကိုယ့် ဖြစ်ပျက်နဲ့ကိုယ် ဆက်လက်ပြီး လုပ်နေကြဦးမယ်ဆိုရင်လဲ ရဟန္တာဖြစ်သွားကြမှာပဲ...။ (မှန်ပါဘုရား)။

ဒကာသိက် အင်မတန်အဖိုးတန်တယ်...။ (တန်ပါ တယ် ဘုရား)၊ ဒါကြောင့် အလုပ်တရားကို ကြိုးစားပါ၊ အလုပ်တရားကို ကြိုးစားပါဆိုတဲ့ ဥစ္စာကိုဖြင့် အလူးပဲ နေ့တိုင်း နေ့တိုင်း တိုက်တွန်းရတယ်...။ (မှန်ပါ)၊ ဒါ

www.dhammadownload.com



မတိုက်တွန်းလို့ရှိရင်ဖြင့် ဒကာဒကာမတို့ အပါယ် တံခါးကြီးက နောက်က ဟင်းလင်းကြီးပွင့်နေ တယ်...။ (မှန်ပါ့ဘုရား)။

ဘုန်းကြီးအတွက်လဲပွင့်လျက်။ ဒကာသိုက်တို့အတွက်ကကော...(ပွင့်လျက်ပါဘုရား)၊ ပွင့်လျက်ဖြစ်နေတော့ ဒီဟာကို ပိတ်ချင်တော့ ဖွင့်တာက ဘယ်ကနေဖွင့်သတုံးဆိုတော့ လူ့ပြည်မှာ သက္ကာယဒိဋ္ဌိရှိနေလို့ သက္ကာယဒိဋ္ဌိဖွင့်ထားတာ...(မှန်ပါ့)၊ သဘောကျပါလား...။ (ကျပါပြီဘုရား)။

အပါယ်တံခါး ဘယ်သူဖွင့်ထားပါလိမ့်...။ (သက္ကာယဒိဋ္ဌိက ဖွင့်ထားပါတယ်)၊အဲ...ဝေဒနာကို ငါထင်တာတွေက သူတို့ကဖွင့်တာ..။ (မှန်ပါ့)။

ဟာ...ဒါ ငါမဟုတ်ပါဘူး။အနတ္တပါပဲလို့ ကျုပ်တို့က ရှုလိုက်တဲ့အခါ ဖျတ်ခနဲ ဖျတ်ခနဲ ပျောက်ပျက်တာကလေး မြင်လိုက်တော့ငါမဟုတ်ဘူးဆိုတာသိသွားတယ်...။(မှန်ပါ့)၊ အနတ္တတရားဆိုတာ သိသွားတယ်...။ (မှန်ပါ့)၊ ထိုကဲ့သို့ သိတော့လဲ ဒီကနေပိတ်တာပဲ...။ (မှန်ပါ့)၊ ဒီက အနတ္တမြင်၊ ဟိုက အပါယ်တံခါးက ဂျောင်းခနဲဆို ကျုပ်တို့အတွက် ပိတ်တယ်။ ရှင်းပါလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့်...ဖွင့်တာလဲ သက္ကာယဒိဋ္ဌိဖွင့်တာ...။ (မှန်ပါ့)၊ သက္ကာယဒိဋ္ဌိချုပ်အောင်လုပ်တဲ့ ဒကာ ဒကာမတွေအတွက်တော့ ဒီကနေပြီး သက္ကာယဒိဋ္ဌိချုပ်တဲ့ ဝိပဿနာဉာဏ်၊

www.dhammadownload.com



မဂ်ဉာဏ်ကပဲ မပိတ်လိုက်ဘူးလား...။ (ပိတ်လိုက်ပါတယ် ဘုရား)။

ဒါကြောင့် ဒကာ ဒကာမတွေ အပါယ်ကို ရိကွာ စုတယ်ဆိုတာလဲ ဒီကပဲ...။ (မှန်ပါ)၊ အပါယ်မသွားချင်လို့ နိဗ္ဗာန်သွားချင်ပြန်လဲ ဒီကနေပြီး စု...ဟုတ်လား...။ (မှန်ပါ)၊ သက္ကာယဒိဋ္ဌိ များများစု၊ ဒကာ ဒကာမဖြင့် အပါယ်တံခါး ပွင့်နေတာပဲ...။ (မှန်ပါ)၊ သက္ကာယဒိဋ္ဌိချုပ်အောင် လုပ်နေတဲ့ ဒကာ ဒကာမတွေဖြင့် အပါယ်တံခါးပိတ်နေတာပဲ...။ (မှန်ပါ)၊ သဘောကျပါလား...။ (ကျပါပြီဘုရား)။

ဒါကြောင့် အပါယ်တံခါးပိတ်တဲ့ စက်ရုံက ကိုထွန်းအောင်တို့မှတ်စရာ၊ ဦးလှဖူးတို့မှတ်စရာက လူ့ပြည်မှာကိုး...။ (မှန်ပါ)၊ အပါယ်တံခါးဖွင့်တာလဲ လူ့ပြည်ကနေဖွင့်တယ်။ အပါယ်တံခါးပိတ်တာကော...(လူ့ပြည်ကနေပိတ်ပါတယ် ဘုရား)၊ လူ့ပြည်ကနေပြီးသကာလ အနတ္တရှုပြီးပိတ်လိုက် လဲ လုံသွားတာပဲ...။ (လုံပါတယ်ဘုရား)၊ ဒါဖြင့် ဒကာသိုက်က အားငယ်စရာ ဘာရှိသတုံး...။ (မရှိပါဘုရား)။

လူ့ပြည်က ဗဟိဒ္ဓာနမို့ ဘုရားဟာ နတ်ပြည် မပွင့်ဘူးဗျ...။ (မှန်ပါ)၊ အပါယ်တံခါးပိတ်ချင်လဲ ဒီကနေပိတ်ပေးမှာပဲ...။ (မှန်ပါ)၊ နိဗ္ဗာန်တံခါးဖွင့်ပေးချင်ကော... (ဒီကနေဖွင့်ပေးမှာပါပဲ)၊ ဒီကနေဖွင့်ပေးမှာပဲဆိုတော့ ဩော်... လူ့ပြည်မှာ ဘုရားပွင့်တဲ့အဓိပ္ပာယ်လဲ ဒီကမှ ဖွင့်နိုင်တယ်၊

www.dhammadownload.com



ပိတ်နိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ရင်းကို သိပြီးသားဖြစ်သော ကြောင့် ဘုရားဟာ လူ့ပြည်မှာသာ ပွင့်ရသည်၊ နိယာမ တရား...။ (မှန်ပါ့)။

အမြဲတမ်း ဘုရားပွင့်နိုင်ပုံ မသေချာဘူးလား...။ (သေချာပါတယ်)၊ ဒီကမှ အပါယ်တံခါးပိတ်နိုင်တယ်။ ဒီကမှ အပါယ်တံခါးဖွင့်နိုင်တယ်။ ပိတ်ချင်လဲ ဒီကပဲ၊ ပွင့်ချင် ကော...(ဒီကပါဘုရား)။

အဲဒါကြောင့် အခု ဆရာကောင်း သမားကောင်း ကြုံတဲ့ ဒကာ ဒကာမတွေကျလာပြီဆိုမှဖြင့် ဩော်...တို့သည် ကားလို့ဆိုလို့ရှိရင် နဂိုက ဟင်းလင်းကြီးပွင့်နေတာ၊ ယခု ဝိပဿနာရှုလိုက်လို့ အနတ္တကစ်လုံး ဝေဒနာအနတ္တ ြွ မြင်လိုက်လို့ရှိရင်လဲ ငါပြုတ်ပြီး ငါမဟုတ်ဆိုတာ ရောက် သွားတယ်...။ (မှန်ပါ့)၊ နဂိုက ငါထင်ထားတာကိုးဗျ...။ (မှန်ပါ့)၊ အဲဒါ ငါပြုတ်ပြီး ငါ မဟုတ်ပါလား...။ (မှန်ပါ့)၊ အနတ္တတွေပါလား၊ ဤကဲ့သို့ ဉာဏ်ထဲလဲရောက်ပါရော၊ အပါယ်တံခါးဟာ လုံးလုံးပိတ်ပါရော...(မှန်ပါ့)၊ ရိပ်မိပါ လား...။ (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတွေ ကြိုးစားပါ ကြိုးစား ပါဆိုတာသည်ကားလို့ဆိုလို့ရှိရင်ဖြင့် တခါးဖွင့်နေတဲ့ပုဂ္ဂိုလ် ဟာ ကိုယ့်အတွက် စောင့်နေတယ်ဆိုတာမှတ်...။ (မှန်ပါ့)၊

www.dhammadownload.com



တံခါးပိတ်ပြီဆိုလို့ရှိရင် သွားစရာအပါယ်မရှိတော့ဘူးဆိုတာ မှတ်ကြပါ...။ (မှန်ပါ့ဘုရား)။

ဒါကြောင့် ဒါတွေကိုတော့ဖြင့် အခုလိုလဲ တရားနာ၊ အခုလိုလဲ ပွားများမှ သိရတယ်။ နို့မဟုတ်လို့ရှိရင် ကိုယ်ပြု ထားတဲ့ ဒါနကလေး၊ ကိုယ်ဆောက်တည်ထားတဲ့ သီလ ကလေး အားကိုးပြီး ဘို့ အပါယ်တံခါးပိတ်နေကယ်ဆိုတာ သက္ကာယဒိဋ္ဌိရှိနေတော့ ဘယ်က လာပိတ်မှာတုံး...။ (မှန်ပါ့)၊ ပွင့်လျက်ဟင်းလင်းပေါ့...။ (မှန်ပါ့)၊ ရိပ်မိပါလား...။ (ရိပ်မိ ပါပြီဘုရား)။

မလ္လိကာ မိဖုရားကြီး ကြည့်ပါလား...အသဒိသဒါန ဘယ်သူနဲ့မှမတူဘဲ အလှူဒါနကြီးပေးပြီး အပါယ်တံခါးက ပွင့်နေတော့ ရောက်သွားရှာရသေးတယ်...။ (မှန်ပါ့)။

အဲဒါတွေထောက်ထားပြီးသကာလ ကြည့်လိုက်တော့ မှ ဩော်...သက္ကာယဒိဋ္ဌိပြုတ်မှသာလျှင် အပါယ်တံခါး ပိတ် ပါလား၊ဆိုတာ ယနေ့ထူးထူးခြားခြားမှတ်ရမှာပဲ...။ (မှန်ပါ့)၊ သဘောကျပါလား...။ (ကျပါပြီ)၊ မလ္လိကာတို့ထောက်လိုက် တော့ ဒကာသိုက် မသေချာဘူးလား...။ (သေချာပါတယ်)၊ သူသည် ဒီဒါနနဲ့သာ အပါယ်တံခါးပိတ်နိုင်ပါတယ်ဆိုရင် သူ ရောက်စရာရှိသေးရဲ့လား...။ (မရှိပါဘုရား)။

အေး...ဒါကြောင့် အကူအညီ အထောက်အပံ့ပေးတဲ့ တရားတွေပဲဆိုတာလဲ ဆုံးဖြတ်ချက်ချရမယ့်...။(မှန်ပါ့ဘုရား)။

www.dhammadownload.com



ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ သက္ကာယဒိဋ္ဌိရှိသရွေ့ ကာလပတ်လုံးဖြင့် ရေအေးပြီးသကာလ မနေလိုက်ပါနဲ့ဦး ဆိုတဲ့ဥစ္စာ ဘုန်းကြီးက ပြောရတယ်...။ (မှန်ပါ့ဘုရား)။

ဒါ အနတ္တကျကျနနပေါက်ပြီး အနတ္တဆုံးသည့်တိုင်အောင် လိုက်ဖြစ်အောင် လိုက်ကြပါဆိုတာ ကိုယ့်တံခါးကိုယ်ပိတ်ပြီးသကာလ ကိုယ်မသွားရအောင်လို့ ကိုယ့်အလုပ်ကိုယ်လုပ်တာပါဆိုတာ သေချာသွားပြီ...။ (မှန်ပါ့)၊ မသေချာဘူးလား...။ (သေချာပါတယ်ဘုရား)။

ကိုထွန်းအောင့်ရေ...အင်မတန်အဖိုးတန်တယ်နော်...။ (တန်ပါတယ်ဘုရား)၊အဲဒီ သက္ကာယဒိဋ္ဌိ ဘယ်နှစ်ပါးရှိသတုံးလို့ မေးတဲ့အခါ ရုပ်မှာလဲ လေးပါး၊ ဝေဒနာမှာ လေးပါး၊ သညာမှာလေးပါး၊ သင်္ခါရမှာလေးပါး၊ ဝိညာဏ်မှာလေးပါး ဆိုပြီး သက္ကာယဒိဋ္ဌိနှစ်ဆယ်ပေါ့ဗျာ...။ (မှန်ပါ့)၊ အဲဒါတွေ မေးမြန်းပြီးသကာလ ဝိသာခသူဌေးက မေး ဓမ္မဒိန္နာကဖြေလို့ သူကလဲ ကျေကျေနပ်နပ်ရှိပါတယ်...။ (မှန်ပါ့)။

နောက်ကျတော့ သူ မေးပြန်တယ်၊ ဘာမေးပြန်သတုံးဆိုတော့ သက္ကာယချုပ်အောင်ဟာ ဘယ်လိုလုပ်မှ ချုပ်မှာတုံး၊ ဒိဋ္ဌိတွေချုပ်အောင် ဘာနဲ့လုပ်မှ ချုပ်မှာတုံးဆိုတော့ ဒါယကာ ဝိသာခသူဌေး မဂ္ဂင်ရှစ်ပါးပွားများတဲ့...။ (မှန်ပါ့)။

**သက္ကာယဒိဋ္ဌိချုပ်ချင်တယ်၊ သိမ်းချင်တယ်၊ အပါယ်တံခါးပိတ်ချင်ပါတယ်ဆို ဘာလုပ်ရမတုံး**...။ (မဂ္ဂင်ရှစ်ပါး

www.dhammadownload.com



ပွားများရပါမယ်)၊ **အေး...မဂ္ဂင်ရှစ်ပါးကို ရုပ်နာမ်ပေါ်ကြည့်ပြီး ပွားများ**...။ (မှန်ပါ)၊ ပါးစပ်က အော်နေလို့တော့ မဖြစ်ဘူး...။(မှန်ပါ)၊ရုပ်နာမ်ပေါ်ကြည့်ပြီးသကာလ သြော်... ရုပ်နာမ်ကလေးတွေ၏ မခိုင်တာ၊ အစိုးမရတာ၊ မပိုင်တာ၊ မဆိုင်တာတွေ၊ ငါ,ငါ့ဥစ္စာမဟုတ်တာတွေ ခင်ဗျားတို့ ဉာဏ်နဲ့ကြည့်ပြီးသကာလ နေတာသည် ပွားများမှုပါပဲ...။ (မှန်ပါ)၊ ရိပ်မိပါလား...။ (ရိပ်မိပါပြီဘုရား)။

ပါးစပ်ကဆိုရုံ မဟုတ်ဘူးနော်...။ (မှန်ပါ)၊ ပါးစပ်က ဆိုတာက ရထားတဲ့စာ မမေ့မှုသာဖြစ်တယ်။ ဉာဏ်နဲ့မြင်ပြီး သကာလ ထပ်ပြန်တလဲလဲမြင်တဲ့အမြင်ကို ပွားများမှုကို ဆိုလိုသည်...။ (မှန်ပါ)၊ ကိုထွန်းအောင် ကျေနပ်ပါလား...။ (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် မဂ္ဂင်ရှစ်ပါးကို ဘယ်လိုများ ဝေဖန်ပါသလဲလို့ ဆိုပြီးသကာလ ဝိဘာဝသူဌေးကမေးပြန်တော့ ဓမ္မဒိန္နာက ဖြေရှာတာပေါ့ဗျာ...။ (မှန်ပါ)၊ မဂ္ဂင်ရှစ်ပါးမှာလဲ ဒကာကြီး သီလမဂ္ဂင်သုံးပါး၊ သမာဓိမဂ္ဂင်သုံးပါး၊ ပညာမဂ္ဂင်နှစ်ပါး ရှိတယ်။ မဂ္ဂင်ကို အဲဒီလို ဝေဖန်ရပါတယ်...။ (မှန်ပါ)။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတာ သီလ မဂ္ဂင် ဒကာကြီး။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဆိုတဲ့ သုံးခုက သမာဓိမဂ္ဂင်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပက ပညာမဂ္ဂင်...(မှန်ပါ)၊ အဲဒီလို ဝေဖန်ပြီးပြလိုက်တော့ ဒါဖြင့်

www.dhammadownload.com



မဂ္ဂင်ရှစ်ပါးပွားများနေတဲ့ပုဂ္ဂိုလ်မှာ သီလ၊ သမာဓိ၊ မဂ္ဂင်စုံနေတယ်...။ (မှန်ပါ)။

ဒါကြောင့် ဒကာ ဒကာမတွေ အချိန်ရတိုင်း ပွားများလို့ရှိရင် သီလဆောက်တည်ပြီးသား၊ သမာဓိတည်ထောင်ပြီးသား၊ ပညာနဲ့ရှုပြီးသားဆိုတဲ့ အဓိပ္ပာယ်ဟာ ဒကာသိုက်ရေတစ်ချက်ခုတ် သုံးချက်ပြတ်ဖြစ်သွားရတယ်...။(မှန်ပါ)၊ ခင်ဗျားတို့ ပွားများနေတဲ့အချိန်မှာ သီလလဲလုံနေတယ်...။ (လုံပါတယ်)၊ သမာဓိကလဲ တည်လို့ မြင်တာပေါ့ဗျာ၊ မတည်ရင် ဖြစ်ပျက်မြင်ပါ့မလား...။ (မမြင်ပါဘုရား)၊ မြင်တာက ပညာထည့်လိုက်တော့ ဟုတ်လား...။ (မှန်ပါ)၊ သီလက လုံခြုံပြီးသား၊ သမာဓိက တည်ကြည်ပြီးသား၊ ဖြစ်ပျက်မြင်တာက ပညာဆိုတော့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ မဂ္ဂင်ရှစ်ပါးက စုံသွားတယ်...။ (စုံပါတယ်ဘုရား)၊ သဘောကျပါသလား...။ (ကျပါပြီဘုရား)။

အဲဒီကဲ့သို့ မဂ္ဂင်ရှစ်ပါးစုံပြီးသကာလ သွားတဲ့အခါကျတော့ ခင်ဗျားတို့သည် မဂ္ဂင်ရှစ်ပါးလို့ဆိုရင် ကိလေသေမာရေန္တော ဂစ္ဆတီတိမဂ္ဂေါဆိုတဲ့ ကိလေသာသတ်ပြီး နိဗ္ဗာန်အရပ်သို့ သွားတယ်တဲ့၊ တရားပါကလားဆိုတဲ့ဥစ္စာ ဆုံးဖြတ်ချက်ချလိုက်...။ (မှန်ပါ)။

အဲဒီလို မဂ္ဂင်ရှစ်ပါး အမေးအဖြေတွေလုပ်ပြီးသကာလ၊ ရှေ့ဆက်ပြီးသကာလ မေးပြန်တယ်တဲ့...ဘယ်လိုများ မေးပြန်

www.dhammadownload.com



သတုံးဆိုတော့...အရှင်မ ဓမ္မဒိန္နာ...**ဝေဒနာဘယ်နှစ်မျိုးရှိသတုံး** ဆိုပြီး...ကျုပ်တို့ ဟောနေကျဆီ ရောက်လာတာပဲ...။ (မှန်ပါ)၊ ဝေဒနာဟာ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာ ဒါပဲ ရှိတယ်...။ (မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့်...သုခဝေဒနာကို ဘယ်လိုရှုရမှာတုံး၊ ဒုက္ခဝေဒနာကို ဘယ်လိုရှုရမှာတုံး၊ ဥပေက္ခာဝေဒနာကို ဘယ် လို ရှုရမှာတုံးဆိုတော့ သုခဝေဒနာဆိုတာ ဖြစ်တုန်းတော့ ချမ်းသာသလိုပဲ၊ ပျက်တော့ ဒုက္ခပါပဲ...။ (မှန်ပါ)၊ ဒုက္ခ ဝေဒနာက ဖြစ်တုန်း ဆင်းရဲပြီး ရှုတဲ့ ပုဂ္ဂိုလ်မှာ ချမ်းသာပါ တယ်။ ဥပေက္ခာဝေဒနာဆိုတာ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တော့ သုခ သဘောတောင် ရောက်ပါတယ်...။ (မှန်ပါ)၊သဘောကျပါ လား...။ (ကျပါပြီဘုရား)။

အဲဒီလို ရှုလိုက်ပါဆိုတော့ သုခဝေဒနာတော့ ခင်ဗျား တို့က ဖြစ်ပျက်ရှုရုံပဲ။ ဒုက္ခဝေဒနာကော...(ဖြစ်ပျက်ရှုရုံပါ ဘုရား)၊ ဥပေက္ခာဝေဒနာကော...(ဖြစ်ပျက်ရှုရုံပါဘုရား)။

ဒါကိုရှုလိုက်ပါတဲ့၊ ဖြစ်ပြီးပျက်တဲ့တရားပါပဲ၊ လမ်းဆုံး ပါပဲ...။ (မှန်ပါ)၊ဒီလို ဓမ္မဒိန္နာထေရ်ရီမက ဖြေပြီးသည်၏ အခြားမဲ့၌ အရှင်မ...အရှင်မ ဖြေတာ အင်မတန်ကောင်း ပါတယ်၊ တကယ့် နိဗ္ဗာန်ရောက်ကြောင်း အစစ်တွေချည်း ဖြေပြီးသကာလနေတော့ ရှေ့ဆက်လက်ပြီး မေးလက်စ,နဲ့ မေးပါရစေဦးဆိုပြီး ဝိသာခသူဌေးက မေးရှာတယ်...။(မှန်ပါ)။

www.dhammadownload.com



အဲဒီ သုခဝေဒနာ ရှိတော့ ဘယ် အနုသယ သေသတုံး၊ ဒုက္ခဝေဒနာရှိတော့ ဘယ် အနုသယ သေသတုံး၊ ဥပေက္ခာ ဝေဒနာရှိတဲ့အခါ ဘယ် အနုသယ သေသတုံး မေးတော့ **သုခဝေဒနာရှိရင် လောဘသေတာပေါ့**၊ ကာမရာဂနုသယသေ တာပေါ့...။ (မှန်ပါ့)၊ **ဒုက္ခဝေဒနာရှိတော့ ဒေါသ** ပဋိဃာနုသယသေတာပေါ့။ **ဥပေက္ခာဝေဒနာရှိတော့ မောဟ** အဝိဇ္ဇာနုသယ သေတာပေါ့...။ (မှန်ပါ့)၊ ဒါတွေကို အခု ဘုန်းကြီးတို့က ဒကာ ဒကာမတွေကို ဖောက်သည်ချပြီး တော့ ပေးနေတာ ရိပ်မိပါလား...။ (ရိပ်မိပါပြီ)၊ ဒါဟာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရ်ရှိမက ဖြေတာ...။ (မှန်ပါ့)၊ ဒီတော့ ဒီတရားဟာ တယ်ပြီး ခိုင်လုံတဲ့ တရားပါကလား...။ (မှန်ပါ့)၊ ကြိုးစားရင် အဟုတ်ကို ခရီးပေါက်မယ့် တရားပါ ဆိုပြီး ခင်ဗျားတို့ကိုယ်တိုင်ကြိုးစားလို့လဲ ထိုက်တန်သလောက် မပေါက်လားဗျာ...။ (ပေါက်ပါတယ်ဘုရား)၊ အဲဒါ ဒီဝတ္ထု တွေလာတာ...။(မှန်ပါ့)၊ရိပ်မိပါလား...။(ရိပ်မိပါဘုရား)။

သုခဝေဒနာ မရှုလို့ရှိရင် သုခဝေဒနာပစ္စယာ တဏှာလို့ ဘုန်းကြီးက ဟောတယ်...။ (မှန်ပါ့)၊ ဒုက္ခဝေဒနာ မရှုရင် ဒုက္ခဝေဒနာပစ္စယာဒေါသော...(မှန်ပါ့)၊ ဥပေက္ခာဝေဒနာမရှု ရင် ဥပေက္ခာဝေဒနာပစ္စယာ မောဟော မလာဘူးလား...။ (လာပါတယ်ဘုရား)။

အဲဒါ ရှုလိုက်တဲ့အခါ သုခတွေ့ သုခရှု။ ဒုက္ခတွေ့

www.dhammadownload.com



တော့ကော...(ဒုက္ခရှိရပါတယ်)၊ ဥပေက္ခာတွေ့တော့ကော... (ဥပေက္ခာရှိရပါတယ်)၊ ရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက် ချည်းတော့ပြီးတော့နေတယ်ဆိုတာ လောဘရော၊ ဒေါသရော၊ မောဟရော ကျုပ်တို့က တွေ့တိုင်းရှုနေပေါ့၊ ဒီသုံးခု လာနိုင် သေးရဲ့လား...။(မလာနိုင်ပါဘုရား)၊မလာနိုင်ဟော့ လောဘ၊ ဒေါသ၊ မောဟတို့၏ ချုပ်ရာငြိမ်းရာ နိဗ္ဗာန်ဆိုတာ ရောက်မှ ရောက်ပါ့မလားဆိုတာ သူတို့သိမ်းရင် ရောက်တာပေါ့...။ (မှန်ပါ့)၊ သူတို့သိမ်းရင် ရောက်တာပဲဆိုတာ ကျေနပ်ပါ လား...။ (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့်...ကျုပ်တို့လုပ်နေတဲ့ အလုပ်သည်ကားဆိုရင်ဖြင့် အတွင်းရန်သူသတ်တဲ့ အလုပ်ပါလား...။ (မှန်ပါ့ဘုရား)။

ကျုပ်တို့အတွင်းမှာရန်သူရှိနေတယ်။ လောဘ၊ ဒေါသ၊ မောဟဟာ ကျုပ်တို့ရန်သူပဲ...။(မှန်ပါ့)၊အဲဒါ ဝေဒနာ ပေါ် တိုင်း ရှုနေတဲ့ ပုဂ္ဂိုလ်ကတော့ အတွင်းရန်သူသတ်ပြီးသကာလ နေတဲ့ ပုဂ္ဂိုလ်တွေလို့ မဆိုနိုင်ဘူးလား...။ (ဆိုနိုင်ပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတို့ အပြင်ရန်နဲ့ အတွင်းရန် ဘယ်ဟာသာပြီး ကြောက်စရာကောင်းသတုံး...။(အတွင်း ရန်က ကြောက်စရာကောင်းပါတယ်)။

အဲဒီတော့ အတွင်းရန်သတ်နည်းနိဿရည်းကို ဆရာ ဘုန်းကြီးက ပေးပြီးသကာလနေပြန်တော့လဲ ညော်...တို့မှာ ဖြင့် အန္တရာယ်ကင်းလို့ အေးရှင်းဆိုတာ ဒီလိုမှပဲ အတွင်းရန်

www.dhammadownload.com



ရှင်းမှာပါကလား...။ (မှန်ပါ)၊ သဘောကျပါလား...။ (ကျပါပြီဘုရား)။

အန္တရာယ်ကင်းလို့ ဘေးရှင်းတာ ဒကာသိုက် ပေါ်ပါလား...။(ပေါ်ပါပြီ)၊အတွင်းရန် ကြောက်စရာကောင်းဆုံးဟာ အတွင်းရန်ဟာ ဝေဒနာမရှုလို့ လာတာကိုးဗျ. ။ (မှန်ပါ)၊ ဝေဒနာရှုရင်...(မလာပါဘုရား)။

အဲဒီတော့ သုခဝေဒနာရှုရင် လောဘသေတယ်၊ ဒုက္ခဝေဒနာရှုလိုက်ရင် ဒေါသသေတယ်၊ ဥပေက္ခာဝေဒနာ ပေါ်တိုင်း ရှုလိုက်ရင်...(မောဟသေပါတယ်)။

ဒီတော့ ခေါင်းဆောင်ကိလေသာတွေပဲ သေပေါ့၊ နောက်လိုက် ထောင့်ငါးရာကိလေသာတွေ ဗိုင်းဗိုင်းမလဲပေဘူးလား...။ (လဲပါတယ်)၊ ထိုကဲ့သို့ ဗိုင်းဗိုင်းလဲတဲ့ အလုပ်သည်ကားလို့ဆိုလို့ရှိရင်ဖြင့် လုပ်ထိုက်တယ်ဆိုပြီးသကာလ ဒကာ ဒကာမတွေက ကြိုးစားလိုက်လို့ရှိရင်ဖြင့် နိဗ္ဗာန်ဆိုဟာဟာ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်အမြန်ဆုံးရောက်မှာပဲ...။ (မှန်ပါ)၊ အဲဒီလို အမြန်ဆုံးရောက်ရမှာဖြစ်ပြီးသကာလနေတာမို့ ဝိသာခသူဌေးကမေးလို့ ဓမ္မဒိန္နာထေရီမက ဖြေပြန်တော့လဲ ဝေဒနာနဲ့ ဖြေလိုက်တာပဲ၊ ရှင်းမနေဘူးလား...။ (ရှင်းပါတယ်)။

အဲဒီကဲ့သို့ ဝေဒနာနဲ့ပဲ ခင်ဗျားတို့လဲ ကမ္မဋ္ဌာန်းကို တွေတွေရာရာ များများရှာပြီးသကာလ မနေဘဲနဲ့ **ဝေဒနာသုံးပါးသာလျှင်ရှုပြီးသကာလ နေကြလို့ရှိရင်ဖြင့် ခင်ဗျားတို့**

www.dhammadownload.com



တောင်းနေတဲ့ဆုဟာ ပြည့်ပြီးသားဖြစ်ပါတယ်…။ (မှန်ပါ့)၊ နို့မဟုတ်ရင် ပြည့်ပါ့မလား…။ (မပြည့်ပါဘုရား)၊ ဒါဖြင့် အင်မတန် အဖိုးတန်ကြောင်း ကောင်းကောင်းသိပါလား…။ (သိပါပြီဘုရား)။

ကိုင်း…ဝေဒနာတွေ၊ ကိလေသာလာပုံနဲ့တကွ ကိလေသာ ပြတ်ပုံတွေ ဝိသာခသူဌေးကမေးလို့ ဓမ္မဒိန္နာထေရီမက ဖြေလိုက်တယ်၊ မဂ္ဂင်တရားကို သီလ၊ သမာဓိ၊ ပညာနဲ့ ဝေဖန်ပြီး ဖြေလိုက်တာတွေ အများကြီးပဲ မဟုတ်လား…။ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဝိသာခသူဌေးက တွေးတယ်၊ သာသနာတော် မပျော်လို့ ပြန်လာတာတော့ မဟုတ်ဘူး၊ သူ့ထက် ယက်နေ ပေါ့ပဲ…(မှန်ပါ့)၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြေတာပဲ။ ဒါ အင်မတန် အဖိုးတန်တဲ့တရား၊ နိဗ္ဗာန်ပေါက်ရောက်တဲ့တရားကို ဖြေတာ ဖြစ်ပါတယ်ဆိုပြီးသကာလ သူ့စိတ်ထဲမှာ အင်မတန် ကျေနပ် နေတယ်…။ (မှန်ပါ့ဘုရား)။

ဒီမှာ မေးပုံက သစ္စာလေးပါးက စ,မေးလိုက်သပေါ့ ဗျာ…။ (မှန်ပါ့)၊ သစ္စာလေးပါးဆိုတာ ဒကာသိုက်တို့ မှတ်ရ မှာက လူတိုင်းဖြေနိုင်တဲ့ အလုပ်မဟုတ်ဘူး…။ (မှန်ပါ့)၊ သဘောကျပါလား…။ (ကျပါပြီဘုရား)၊ လူတိုင်းနဲ့ သစ္စာ လေးပါးဆိုရင်တော့ ဘယ်လိုပင် ရထားထား အမှန်တော့ မဖြေနိုင်ဘူး…။ (မှန်ပါ့)၊ ဒီမှာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာလဲ

www.dhammadownload.com



ဖြစ်ပြီးသကာလနေတော့သူ စမ်းလိုက်ကတည်းက သစ္စာကနေ စမ်းတာ...။ (မှန်ပါ)၊ သက္ကာယဆိုတာ ဒုက္ခသစ္စာ၊ သက္ကာယ ဖြစ်ကြောင်းက သမုဒယသစ္စာ၊ သက္ကာယချုပ်ရာက နိရောဓ သစ္စာ၊ သက္ကာယ ချုပ်ရာချုပ်ကြောင်း အကျင့်က မဂ္ဂသစ္စာ...။ (မှန်ပါ)။

အဲဒီ သစ္စာလေးပါးကစပြီး မေးလာတော့ ဝေဒနာမှာလဲ ဝေဒနာသုံးပါးမရှုရင် ဘယ်လိုရှုရင် ဘယ်လိုကျအောင်လဲ ဝိသာခသူဌေးက မေးလို့ ဓမ္မဒိန္နာက တစ်လုံးမကျန် အမှန်ချည်း ဖြေပြီးသကာလ သွားတယ်ဆိုတာလဲ ခင်ဗျားတို့သိကြပြီ...။ (မှန်ပါဘုရား)။

အဲဒီလို အဖိုးတန်ပြီးသကာလနေတော့ ဝိသာခသူဌေး က သူ့စိတ်ထဲမှာ အတော်ကလေး ကျေနပ်သွားတယ်...။ (မှန်ပါ)၊ အတော်ကလေး ကျေနပ်ပြီးသကာလနေတော့ အရှင်မကို လူထွက်ချင်လို့လားဆိုတဲ့ မေးခွန်းကို မေးစရာ မလိုတော့ဘူး...။(မှန်ပါ)၊ ပညာနဲ့ပဲ စမ်းလိုက်တော့တာပဲ...။ (မှန်ပါ)၊ စမ်းလိုက်ကတည်းက ဟိုက အာသဝေါကုန်တဲ့ အဝိပ္ပာယ်ချည်း ဖြေနေပြီး...။ (မှန်ပါဘုရား)။

အာသဝေါကုန်တဲ့ အဓိပ္ပာယ်ချည်းဖြေနေတော့ ဒကာ သိုက်ရေ ရှင်းလင်းနေပြီ။ လူထွက်ချင်လို့ မဟုတ်ဘူးဆိုတာ ပေါ်သေးဘူးလားဗျာ...။ (ပေါ်ပါပြီဘုရား)၊ အဲဒီတော့ ရှင်ဓမ္မဒိန္နာ အလွန်ကျေးဇူးများပါတယ်ဆိုပြီး ဝိသာခသူဌေးက

www.dhammadownload.com



လက်ယာရစ်လှည့်ပြီး ဝတ်ချရသေးတယ်...။ (မှန်ပါ့)၊ ဝတ်ချပြီးတော့မှ သူနဲ့လိုက်လာတဲ့ဥပသကာငါးရာတွေဟာ ဓမ္မဒိန္နာဆီကနေပြီး ဘုရားဆီ သွားကြတယ်။ ဘုရားဆီရောက်တော့ ဓမ္မဒိန္နာထေရီမနဲ့ အမေး အဖြေလုပ်တာကို ဝိသာခသူဌေးက လျှောက်တော့ ငါ၏သမီး ဖြေတာတွေဟာ အင်မတန်မှန်ပါတယ်။ အင်မတန်ဟုတ်ပါတယ်။ အင်မတန်မှ သစ္စာဆိုက်တဲ့တရားတွေဖြစ်ပါတယ်။ အကယ်၍ သူ့ဆီမှာမမေးဘဲနဲ့ ငါ့ဆီမှာ မေးလို့ရှိရင်လဲ ဒီအတိုင်း ဖြေမှာပဲလို့ ဘုရားက ထောက်ခံချက်ပေးပြီး...(မှန်ပါ့)၊ ဒီအတိုင်း ဖြေမှာပဲ မထူးပါဘူးဆိုတော့ ဒီတရားသည့်ဘာလဲဆိုရင် ဒကာသိက်ရေ ဘုရားသခင်ကိုယ်တော်မြတ်ကြီးထောက်ခံချက်ရတဲ့တရား...။(မှန်ပါ့)၊ အနာဂါမ်ကမေးလို့ ရဟန္တာထေရီမက ဖြေတဲ့တရား...။ (မှန်ပါ့)၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကလဲ မှန်ကန်ကြောင်းကို ထောက်ခံချက်ပေးတဲ့တရား...။ (မှန်ပါ့)။

ဒါကြောင့် ဝေဒနာကနေရှုပြီးသကာလ သွားကြလို့ရှိရင် ဝေဒနာတွေ့တာသည် ၁–နံပါတ်ဟုတ်လား...။ (မှန်ပါ့)၊ ဝေဒနာဖြစ်ပျက်ရှုတာက ၂–နံပါတ် ထားပါတော့...။ (မှန်ပါ့)၊ ဝေဒနာမှန်းလာတာ ၃–နံပါတ်လောက်ထားတော့ ဝေဒနာတွေကို တစ်ခါတည်း ဆုံးအောင်ပဲ ငါတို့သည် လိုက်ပါတော့မယ်ဆိုပြီးသကာလ **ဖြစ်ပျက်ဆုံးအောင် လိုက်လို့ရှိရင်ဖြင့် မဖြစ်မပျက်တာတော့ တွေ့ရမှာပဲ**။ မတွေ့ရပေဘူး

www.dhammadownload.com



လား...။ (တွေ့ရပါတယ်)၊ တွေ့ရမှာ သေချာတယ် မဟုတ်လား...။ (မှန်ပါ့ဘုရား)။

အဲဒီတော့ဒကာ ဒကာမတွေ ဉာဏ်သည်ကားလို့ဆိုရင် ဖြစ်ပျက်ဆုံးတာသည်ဒုက္ခဆုံးတာသာမှတ်ပါတော့...။(မှန်ပါ့)။

ဖြစ်ပျက်ဆုံးတာဟာ ဘာဆုံးဟာပါလိမ့်...။ (ဒုက္ခဆုံးတာပါဘုရား)၊ ဟာ...ဒါဖြင့် ဒုက္ခဆုံးတဲ့ဆီ ခင်ဗျားတို့ဉာဏ် မရောက်ပေဘူးလား...။ (ရောက်ပါတယ်ဘုရား)။

အဲ...ဒါဟာ ဘယ်ကနေလိုက်လို့ ဒုက္ခဆုံးတာပါလိမ့် မထုံးဆိုတော့...ဝေဒနာဖြစ်ပျက်ကနေ လိုက်လို့ပေါ့...။ (မှန်ပါ့)၊ ဝေဒနာဖြစ်ပျက်ကနေ ကိုင်လိုက်တဲ့အခါကျတော့ ဝေဒနာအဆုံး...(ဝါ)ဒုက္ခအဆုံးကို ခင်ဗျားတို့ ကိုယ်ပိုင် ကိုယ်ဆိုင်ဉာဏ်နဲ့ပဲတွေ့ကြရမယ်...။ (တွေ့ရပါမယ်ဘုရား)၊ ဒကာသိုက် မတွေ့ရပေဘူးလား...။ (တွေ့ရပါတယ်ဘုရား)။

တွေ့ရတဲ့အခါကျတော့ **ဆုံးသွားတာက ဒုက္ခသစ္စာ၊ ဆုံးတဲ့နေ ့ရာကလေးတွေ ရတာက နိရောဓသစ္စာ၊** သူ့ဆုံးချင်လို့ ဆုံးတာ မဟုတ်ပါဘူး၊ **သက္ကာယဖြစ်ကြောင်း သမုဒယသစ္စာချုပ်လို့ ဖြစ်ပျက်ချုပ်ရရှာတာ**...။ (မှန်ပါ့)၊ သမုဒယသာ မချုပ်လို့ရှိရင် ဖြစ်ပျက်ချုပ်ပါ့မလား...။(မချုပ်ပါဘုရား)၊ အဲဒီတော့ သမုဒယနဲ့ဒုက္ခသည် အတွဲလိုက်ချုပ်ရတယ်ဆိုတာကော သဘောကျပါလား...။ (ကျပါပြီဘုရား)။

**အဲဒီတော့ ကျုပ်တို့မှာ ဘာကျန်ရစ်ပါလိမ့်မတုံးလို့**

www.dhammadownload.com



မေးတဲ့အခါကျတော့ **သင်္ချာယချုပ်တဲ့နေရာရယ်၊ သင်္ချာယချုပ်တဲ့နေရာမြင်တဲ့ မဂ္ဂင်ရယ်၊** ဒကာသိုက် ဒါပဲ မကျန်ရစ်ဘူးလား...။ (ကျန်ရစ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ကျန်တဲ့အခါ ဒါသည် နိဗ္ဗာနံမဂ္ဂသဆိုတဲ့အတိုင်း နိဗ္ဗာန်က မဂ်ကိုကျေးဇူးပြုတာ မထင်ရှားဘူးလား...။ (ထင်ရှားပါတယ်)၊ အဲ...မဂ်ပြီးတော့လဲ ဖိုလ်လာတော့တာပဲ...။ (မှန်ပါ)၊ သဘောကျပါလား...။ (ကျပါပြီ)၊ အဲဒီဖိုလ်လာရင် သောတာပန်တည်တာပဲ...။ (မှန်ပါ)၊ ဟာ...မရပ်မနားဆက်ပြီးသကာလ တည်ချင်ရင် ဒီဖြစ်ပျက်က စ,ဦးမယ်ဆို သကဒါဂါမ်တည်တာပဲ...ဒီမဂ်တွေ အစီအကိုင်းလာမှာပဲ...။ (မှန်ပါ)၊ သကဒါဂါမိမဂ် အစဉ်အတိုင်းလာမယ်...။ (မှန်ပါ)၊ သကဒါဂါမ်တည်ပြီးသား ပုဂ္ဂိုလ်ကနောက်ဖြစ်ပျက်ကပဲ ပြန်စ,ပါဦးမယ်ဆိုရင် အနာဂါမိမဂ်ရမှာပဲ...။ (မှန်ပါ)၊ ဟာ...ငါ ဒါနဲ့ တင်းမတိမ်းသေးပါဘူး၊ ဖြစ်ပျက်က ပြန်စ,ပါဦးမယ်ဆိုလို့ရှိရင်ဖြင့် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရပြီး ရဟန္တာဖြစ်မှာပဲ...။ (မှန်ပါ)၊ ဒီဖြစ်ပျက်ကချည့်ပြန်စ,ရမှာပဲ...။ (မှန်ပါ)၊ ရိပ်မိကြပါလား...။ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေသည် ဒီတစ်လမ်းတည်း ထစ်ကျိုးတည်းကနေပြီးသကာလ နိဗ္ဗာန်ရှိတဲ့ဆီ အပေါက်အရောက်သွားမယ်ဆိုရင်ဖြင့် ဘယ်ဆုတောင်းမှ စောင့်ပြီး

www.dhammadownload.com



သကာလ မနေဘဲနဲ့ ဉာဏ်နဲ့သာသွား...။(မှန်ပါ့)၊ သဘောကျပါလား...။ (ကျပါပြီဘုရား)။

ဘယ်အရာနဲ့သွားရမှာတုံး...။ (ဉာဏ်နဲ့သွားရမှာပါဘုရား)၊ ကိုင်း...ဒါဖြင့် ဒကာ ဒကာမတို့ မဂ်ဉာဏ်နဲ့ သွားလို့ရှိရင် မရောက်မရှိဘူးဆိုတာ ရိပ်မိပါလား...။(ရိပ်မိပါပြီဘုရား)။

ဒါကြောင့် **နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ**။ **မဂ္ဂေါ-မဂ္ဂင်**ရှစ်ပါးသည်။ နိဗ္ဗာနံ - နိဗ္ဗာန်သို့၊ ဂစ္ဆတိ - သွားတတ်၏။ ဣတိတသ္မာ ဆိုတို့ကြောင့်၊ မဂ္ဂေါ - မဂ်မည်၏။ ဆိုတော့ မဂ္ဂင်ရှစ်ပါးသာ ခန္ဓာထဲရှိရင်ဖြင့် နိဗ္ဗာန်ရောက်သွားမည့် တရား ဝမ်းထဲမှာ ရှိသောကြောင့် မရောက်မရှိပါဘူး။ ဆုတောင်းစရာပင် မလိုတော့ပါဘူး...။ (မှန်ပါ့)၊ သဘောကျပါလား...။ (ကျပါပြီဘုရား)။

ကိုင်း...ယနေ့...ဒီတွင် တော်ကြစို့။

သာဓု...သာဓု...သာဓု...။